


# ဘာကြောင့်မဂ်မရကြပါလိမ့်
# သမာဓိမရှိလို့

၁၀၀

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော်
အမှတ်စဉ် (၂၈)မှ ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

# ဘာကြောင့် မဂ်မရကြပါလိမ့်
# သမာဓိမရှိလို့

စာမူခွင့်ပြုချက် ၆၃/၉၇ (၄)

ထုတ်ဝေသူ ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

ပုံနှိပ်သူ ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

မိုးကုတ်ယောဂီများအတွက်သာ ထုတ်ဝေပါသည်။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

# ဘာကြောင့် မဂ်ဖိုလ်မရကြပါလိမ့်

# သမာဓိမရှိလို့

ဒီတရားကို နာကြတယ်ဆိုတဲ့ဥစ္စာ ကောင်းလို့နာတာ မဟုတ်ဘူး၊ ထွက်ရပ်လမ်းဆိုတဲ့ ဒုက္ခခပ်သိမ်း ငြိမ်းချင်လို့ နာကြတယ်လို့ မှတ်ရမယ်နော်. . . (မှန်ပါ့)။

ဒုက္ခခပ်သိမ်း ငြိမ်းချင်လို့ နာတဲ့ပုဂ္ဂိုလ်ဟာ လက်ရှိဒုက္ခကိုမသိဘဲနဲ့ နောက်ဒုက္ခငြိမ်းချင်လိမ့်မယ်ဆိုတဲ့ဥစ္စာ ပေါ်, မပေါ် (မပေါ်ပါဘုရား)။

## လက်ရှိဒုက္ခသိဖို့အရေးကြီးတယ်

လက်ရှိဒုက္ခသိမှ နောက်ဒုက္ခကို ဩော်. . . ဒီလိုဒုက္ခကြီးများ နောက်လာရင် ခက်ချေရဲ့ဆိုတဲ့သဘောနဲ့ ဒုက္ခ

သိမ်းဖို့ကို တရားနာကြတဲ့ ဒကာ,ဒကာမတွေ ရှာကြမှာပဲ . . . (မှန်ပါ့)။

ဒါဖြင့် နောက်ဒုက္ခကိုသိဖို့နဲ့ လက်ရှိဒုက္ခသိဖို့ ဘယ်ဟာပိုအရေးကြီးသလဲ. . . (လက်ရှိဒုက္ခသိဖို့အရေးကြီးပါတယ်ဘုရား)၊ လက်ရှိဒုက္ခသိဖို့ ပိုအရေးကြီးတယ်ဆိုတာ မှတ်ထားရမယ်. . . (မှန်ပါ့)။

ဒါဖြင့် ဒကာ,ဒကာမတို့ လက်ရှိဒုက္ခသိဖို့အရေးဟာက ၁,နံပါတ်ထားပါ။ နောက်ဒုက္ခ ကြောက်တာကို ၂,နံပါတ်ထားပါလို့ သတိပေးလိုက်တယ်နော်. . . (မှန်ပါ့)။

လက်ရှိဒုက္ခကြောက်တာက ၁, နံပါတ်၊ နောက်ဒုက္ခကြောက်တာက ၂, နံပါတ်၊ ဒကာ,ဒကာမတို့ လက်ရှိဒုက္ခကိုမကြောက်တဲ့ပုဂ္ဂိုလ်၊ မသိသေးတဲ့ပုဂ္ဂိုလ်ဟာဖြင့် လက်မဲ့ဒုက္ခကို ကြောက်လိမ့်မယ်ဆိုတဲ့စကားဟာ မလာပါဘူး. . . (မလာပါဘုရား)၊ လာနိုင်စရာရောရှိရဲ့လား. . (မရှိပါဘုရား)။

လာနိုင်စရာလည်း မရှိတော့ ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ ဒီခန္ဓာကိုယ်ကြီးဟာ လက်ရှိဒုက္ခလို့မှတ်ရမယ်. . (မှန်ပါ့ဘုရား)၊ ဒီခန္ဓာကိုယ်ကြီးဟာ ဘာပါလိမ့်. . . (လက်ရှိဒုက္ခပါဘုရား)။

အဲဒီလက်ရှိဒုက္ခကို အခုဘုန်းကြီးက ဒီခန္ဓာကိုယ်ကြီးဟာ လက်ရှိဒုက္ခ (ဝါ) ဒုက္ခသစ္စာလို့ ဘယ်လိုပဲပြောပြော

ဒကာ,ဒကာမတွေ သိတာကတော့ ဘယ်လိုမှသိသတုံးလို့ မေးတဲ့အခါ နာလာမယ်၊ ကျဉ်လာမယ်၊ ကိုက်လာမယ်၊ ခဲလာမယ်၊ အိုခြင်းဆိုး၊ နာခြင်းဆိုးတွေ တိုးလာတဲ့အခါကျရင် ဪ. . . ဆရာဘုန်းကြီးပြောတာ လက်ရှိဒုက္ခပဲဆိုတာ အခုမှပဲ သိပေတော့တယ်၊ အဲဒီသိတဲ့အချိန်ကျပြန်တော့လည်း အိုခြင်းဆိုး၊ သေခြင်းဆိုး နီးနေလို့ ဉာဏ်မကူနိုင်တော့ဘူး. . (မှန်ပါ့)၊ ကူနိုင်သေးရဲ့လား (မကူနိုင်ပါဘုရား)။

## လက်ရှိဒုက္ခဆိုတာ

အဲဒါကြောင့် ဒကာ,ဒကာမတို့ ယခုအချိန်ဟာ အားလုံးတရားနာနေကြတဲ့ပုဂ္ဂိုလ်တွေဟာ ဉာဏ်ကူနိုင်တဲ့ အချိန်မှာ နဂိုသိထားတဲ့ပုဂ္ဂိုလ်တွေဟာ ဪ. . . ဒီဥစ္စာဖြင့် အင်မတန်ထင်ရှားတဲ့ ဒုက္ခတွေလို့ ဒါတွေ မဟုတ်သေးပါဘူး၊ စင်စစ် ဒုက္ခအစစ်က ဘယ်သူဘာလုပ်မလဲ ဆိုတာကို သေသေချာချာ နားထောင်တော့မှ လက်ရှိဒုက္ခဟာ ကျန်းမာတဲ့ဒုက္ခသိမှ ဒကာ,ဒကာမတို့ ဟိုဘက်ဒုက္ခကို ကြောက်မယ် နော်. . . (မှန်ပါ့)။

ကျန်းမာတဲ့ဒုက္ခသိမှ (ဟိုဘက်ဒုက္ခကြောက်ပါမယ်) ကျန်းမာနေတုန်း ပုထုဇဉ်အမြင်က ကျန်းမာနေတာပဲ၊ ဘယ်မှာတုံး ကျုပ်တို့ဒုက္ခ၊ စီးပွားရေးလည်း ဖြောင့်နေတာပဲ၊

ဘယ်မှာတုံး ကျုပ်တို့ဒုက္ခ အစရှိသည်နဲ့ ဒီအချိန်မှာ ဉာဏ်က တော့ ပြပေးမည့်သူရှိရင် ထက်တဲ့အချိန်ပဲ၊ သို့ရာတွင် ကိုယ်က ဉာဏ်မရှာသေးခဲ့လို့ရှိရင် ဒီအချိန်မှာ ဉာဏ်ထက် တဲ့အချိန်မှာ ဉာဏ်တုံးပြီးသကာလ ခုနင်က ဉာဏ်မဟုတ်ဘဲနဲ့ နောက်မှ အိုတာတွေ, သေတာတွေ, နာတာတွေကြည့်ပြီး ဟိုဟာကျတော့လည်း ဒကာ,ဒကာမတွေ သံဝေဂဉာဏ်ဖြစ် ပြီးသကာလ ဝိပဿနာဉာဏ် မဖြစ်နိုင်အောင်ဘဲ ဖြစ်နေ ပြန်တယ်၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

တကယ့်ကို သိလာတော့လည်း သံဝေဂဉာဏ်သာ သွားတော့တယ်၊ ကိုစောမောင် ဝိပဿနာဉာဏ်ဖြစ်နိုင်သေး ရဲ့လား (မဖြစ်နိုင်ပါဘုရား)။

အဲဒါကြောင့် ဒီနေ့ ခွဲခြားပြီးသကာလ ပြောရမည့် တရားကို ဒကာ,ဒကာမတွေ ကြိုးကြိုးစားစားနားထောင် ကြည့်မှ သြော်. . . တို့ ကျန်းမာတုန်းကို ရှိနေတဲ့ဒုက္ခသိမှ ကိုစောမောင် ဘာတဲ့တုံး (နောက်ဒုက္ခသိမှာပါဘုရား)။

ကိုစောမောင်, ဒါသိဖို့ အရေးကြီးတယ်နော်. . . (မှန်ပါ့)၊ ကျန်းမာတုန်းရှိနေတဲ့ဒုက္ခကိုသိမှ ဦးဘကလေးတို့ ဒုက္ခအစစ်ကိုသိမယ်. . . (မှန်ပါ့)။

၅

## သံဝေဂဉာဏ်နဲ့သိတဲ့ဒုက္ခ

ခကျန်းမာလို့ သိတဲ့ဒုက္ခ၊ အို ခြင်းဆိုးတွေလာလို့သိတဲ့ ဒုက္ခ၊ နာခြင်းဆိုးများလာလို့ သိတဲ့ဒုက္ခက သံဝေဂဉာဏ်လို့ ခေါ်တယ် (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ သံဝေဂဉာဏ်နဲ့သိတဲ့ဒုက္ခသည် ဒကာ, ဒကာမတို့မရပါဘူး၊ မဂ်ဉာဏ်ပေါ်နိုင်ဖို့ ခဲယဉ်းတယ်. . . (မှန်ပါ့ဘုရား)၊ ကျန်းမာတုန်းကိုသိနေတဲ့ဒုက္ခမှ ဒကာဒကာမ တို့ တကယ် မဂ်ဆိုက်, ဖိုလ်ဆိုက်ဒုက္ခလို့မှတ်ပါ. . . (မှန်ပါ့)။

ဒါဖြင့် ဒီနေ့ ဆရာဘုန်းကြီးစကား စ,ကတည်းက ဒကာ,ဒကာမတွေ မှတ်စရာက ဩော်. . . တို့သိပြီးသဘောလ ထားရတဲ့ဒုက္ခ, ဒုက္ခညည်းနေတာတွေက တကယ့်ကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ကျေးဇူးပြုတဲ့ဒုက္ခ မဟုတ်သေးပါ ကလား၊ သဘောပါကြပလား (ပါ,ပါပြီဘုရား)။

အခုလို သွားရင်း လာရင်း နေရင်းထိုင်ရင်း ခန္ဓာ လှည့်လိုက်တော့ ဒုက္ခမြင်မှ ဩော်. . . ဒါဟာ မဂ်ဆိုက် ဖိုလ်ဆိုက်ဉာဏ်နဲ့ သိတဲ့ဒုက္ခပါလားလို့ အားလုံး ဆုံးဖြတ်ချက် ချပါ. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ကျန်းမာတုန်းတရားနာတဲ့ပုဂ္ဂိုလ်တွေ

ဒါဟာ ဘယ်လိုထောက်ကြည့်ရတုံး. . . လို့ မေးတဲ့အခါကျတော့ ဘုရားဆီသွားပြီးသကာလ. . . ရာဟုလာပဲနာနာ, ယသော်ဓရာပဲ နာနာ, ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန်ပဲ နာနာ, မကျန်းမာတုန်းသွားနာတဲ့ ပုဂ္ဂိုလ်မပါဘူးနော်. . . (မှန်ပါ့ဘုရား) ပါရဲ့လား. . . (မပါ, ပါဘုရား)။

အဲ. . . ကျန်းမာတုန်းသွားနာတော့ ဘုရားက သစ္စာမဟောဘူးလား. . . (ဟောပါတယ်ဘုရား) သစ္စာဟောလိုက်တဲ့အခါကျတော့ သူ့ခန္ဓာသူကြည့်လိုက်တဲ့အခါကျတော့ ကျန်းမာနေတုန်းကို သစ္စာမြင်နေတယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

အဲဒါကြောင့် သူတို့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ နိဗ္ဗာန်ကို ရောက်သွားကြတယ်. . . (မှန်ပါ့) ဒါဖြင့် မကျန်းမာလို့မရှုနိုင်, မကယ်နိုင်ဖြစ်တဲ့ ဒုက္ခတွေကတော့ ပါကဋဒုက္ခတွေ ဖြစ်သောကြောင့် သံဝေဂဉာဏ်သာဖြစ်ပါ၏။ မဂ်ဉာဏ်မဖြစ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ကျုပ်တို့ တကယ်မဂ်ဆိုက် ဖိုလ်ဆိုက်သိရမည့်ဒုက္ခကဖြင့် ကျန်းမာတုန်းသိရမည့်ဒုက္ခ. . . (မှန်ပါ့) သဘောပါကြပလား (ပါ, ပါပြီဘုရား)။

## ကျန်းမာတုန်းမြင်တဲ့ဒုက္ခ

ဒီစကားဟာ သာမည. . . လို့ ကိုပေါ်, ကိုစောမောင်တို့က မမှတ်နဲ့နော်. . . (မှန်ပါ့ဘုရား) ကျန်းမာတုန်းကို ကိုယ်ကတော့ လောကထုံးစံအတိုင်း ကျန်းကျန်းမာမာ ရှိသေးတယ်၊ အဲဒီလို ကျန်းကျန်းမာမာရှိတုန်းမှာ မြင်ရတဲ့ ဒုက္ခမှသာလျှင် သူသည် ဒုက္ခသစ္စာ ဖြစ်တော့မယ် (မှန်ပါ့)။

သူ မကျန်းမာ မချမ်းသာလို့ အိုကြီး အိုမဖြစ်ပြီး သကာလ ဝေဒနာတွေဖြစ် ဒီဘက်စောင်းလိုက်ရင် ဟိုဘက် ယိုင်ချင်ယိုင်သွားတဲ့ အသွားမျိုးကြောင့် သြော်. . . ဒုက္ခ, ဒုက္ခဆိုတာ မောင်နိုင်ပါကဋဒုက္ခလို့ခေါ်တယ်. . . (မှန်ပါ့) ပါကဋဆိုတာ မြန်မာလိုပြောပါတယ် ဒကာဒကာမတို့. . . ထင်ရှားတဲ့ဒုက္ခ, တိရစ္ဆာန်တောင် သိနိုင်တာမျိုး. . . (မှန်ပါ့)။

အဲဒီ ဒုက္ခကတော့ သစ္စာမဆိုက်ပါဘူးတဲ့. . . (မှန်ပါ့) မဂ်ဉာဏ် ဖိုလ်ဉာဏ်ရနိုင်ဖို့မလွယ်ဘူး. . . (မှန်ပါ့) ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား) ကျန်းမာတုန်းကို ခန္ဓာ ကြည့်လိုက်လို့ ပေါ်လာတဲ့ ဒုက္ခမှသာလျှင် မဂ်ဉာဏ် ဖိုလ် ဉာဏ်ကို ရနိုင်တဲ့ဒုက္ခ. . . (မှန်ပါ့)ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် မောင်နိုင် ဒုက္ခဘယ်နှစ်မျိုးရှိသတုံး. . . (နှစ် မျိုးပါ) မကျန်းမာမှတွေ့ရတဲ့ ပါကဋဒုက္ခတစ်မျိုး ကျန်းမာ

တုန်းမတ္တနဲ့ ပကတိမျက်စိနဲ့ မမြင်ရဘဲ ဉာဏ်မျက်လုံးနဲ့ကြည့်မှ မြင်တဲ့အပါကဋ္ဌ ဒုက္ခတစ်မျိုး၊ ကိုစောမောင် ဘယ်နှစ်မျိုးရှိသလဲ. . . (နှစ်မျိုးပါဘုရား) ဒါဖြင့် ပါကဋဒုက္ခ အပါကဋဒုက္ခလို့ နှစ်မျိုးမှတ်လိုက် (မှန်ပါ)။

## ပါကဋဒုက္ခဆိုတာ

ပါကဋ္ဌဒုက္ခဆိုတာ တိရစ္ဆာန်တောင် သိနိုင်တဲ့ဒုက္ခ သဘောကျပလား. (ကျပါပြီ) တိရစ္ဆာန်များလည်း အိုလာတဲ့အခါကျတော့ သူ့ခန္ဓာကြီး သူသဘောမကျတာ တွေ့မလာဘူးလား. . . (လာပါတယ်) အဲဒီဒုက္ခဟာ သစ္စာဆိုက်ပါ့မလား. . . (မဆိုက်ပါဘုရား) မဆိုက်သေးဘူးတဲ့၊ မဂ်ဉာဏ်မပေါ်နိုင်ဘူး သဘောကျပလား. . . (ကျပါပြီဘုရား)။

## အပါကဋဒုက္ခဆိုတာ

ဒါဖြင့် ကျန်းမာတုန်းကို မြင်ရတယ်၊ ဆရာပြလို့ ကိုယ်ပိုင်ဉာဏ်နဲ့ကြည့်လို့ သိရတဲ့ဒုက္ခသာလျှင် ဒကာဒကာမတို့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဆိုက်မည့် ဒုက္ခလို့ မှတ်လိုက်စမ်းပါ (မှန်ပါဘုရား)။

ဒါဖြင့် အပါကဋဒုက္ခမြင်ပါမှ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဆိုက်မယ် (မှန်ပါ) ပါကဋထင်ရှားတဲ့ ဒုက္ခမြင်ရုံနဲ့ မဂ်ဉာဏ်,

ဖိုလ်ဉာဏ်ဆိုက်ဖို့ မလွယ်ဘူး. . . (မှန်ပါ့) သဘော ကျပလား. . . (ကျပါပြီဘုရား)။

ဒါသေသေချာချာမှတ်ပြီး ထားတော့မှ ဩော်. . . ဒုက္ခပေမယ့်လည်း မကျန်းမာတဲ့ ဒုက္ခတွေ အိုကြီးအိုမဖြစ်ပြီး သင်္ကာလ ဝေဒနာတွေထူထပ်နေတဲ့ လူချင်းမတူ သူချင်းမမျှ ဆိုတဲ့ဒုက္ခတွေကတော့ သံဝေဂဉာဏ်သာ ကျေးဇူးပြု၍ မဂ်ဉာဏ်မဖြစ်. . . (မှန်ပါ့ဘုရား)။

## ဒုက္ခအစစ်မြင်မှမဂ်ဉာဏ်

ကျန်းမာတုန်းမှာ ခန္ဓာကြည့်လိုက်တဲ့အခါမှာ ဆရာ ကောင်းသမားကောင်းက ညွှန်ပြလို့ ကိုယ်ပိုင်ဉာဏ်နဲ့ ကြည့်လို့မြင်တဲ့ ဒုက္ခမှသာလျှင် ဩော်. . . ဒါမှ ဒုက္ခအစစ် ပါလားဆိုပြီး သင်္ကာလမဂ်ဉာဏ်ပေါ်လာတယ်. . . (မှန်ပါ့) သဘောပါကြပလား. . . (ပါ, ပါပြီဘုရား)။

ဒါဖြင့် ပါကဋဒုက္ခမြင်မှုလား. . . အပါကဋ ဒုက္ခ မြင်မှုလား (အပါကဋဒုက္ခမြင်မှုပါ) ကဲ. . . ဒါဖြင့် နေရာကျ ပြီ ဒကာဒကာမတို့ ဒီနှစ်လုံးကိုဖြင့် မမေ့ပါစေနဲ့. . . (မှန်ပါ့) ဒီနှစ်လုံးမမေ့စေနဲ့လို့ ကိုစံလှ အရေးတကြီးပြောတယ်. . . (မှန်ပါ့ဘုရား)။

ကျန်းမာတုန်းမြင်နေတဲ့ ဒုက္ခမှ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ဆိုက်တယ်နော်. . . (မှန်ပါ့) မကျန်းမာလို့ ဒုက္ခတွေကို ဒကာ ဒကာမတွေက တွေ့ပြီးသကာလ နေလို့ရှိရင်ဖြင့် သြော်. . . ဒီလိုမျိုးတော့ မဖြစ်ချင်ပါဘူး၊ ဒါကြီး ဖြစ်ချင်ပါတယ် ဆိုပြောသော်လည်းတဲ့ ဖြစ်ချင်တဲ့ဉာဏ်တော့ ပေါ်ပါ ရဲ့ ဟိုဟာ မဂ်ဉာဏ်မဟုတ်ဘဲ ဖြစ်နေတယ်. . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ကျန်းမာတုန်းမြင်တဲ့ဒုက္ခနဲ့ မကျန်းမာ မချမ်းသာ ဖြစ်လာမှ မြင်တဲ့ဒုက္ခနဲ့ မောင်နိုင်တို့ သေသေ ချာချာ စဉ်းစားကြည့်ပါ ဉာဏ်ချင်း ကွာပါလိမ့်မယ်. . . (ကွာပါတယ်ဘုရား) မကျန်းမာတဲ့ ဒုက္ခတွေက ဒကာဒကာမ တွေ ဉာဏ်တော့လာတာပဲ၊ သံဝေဂဉာဏ်သာ ဖြစ်နေတယ်လို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်. . . (သံဝေဂဉာဏ်သာဖြစ်ပါ တယ်ဘုရား) ကျန်းမာတုန်းကိုပဲ ဆရာကောင်းသမားကောင်း ပေးတဲ့နည်းနဲ့ ကိုယ်ပိုင်ဉာဏ်နဲ့ ကြည့်လိုက်လို့ မြင်လာတဲ့ ဒုက္ခတော့ဖြင့် မဂ်ဉာဏ်ဖြစ်မယ်. . . (မှန်ပါ့) ကိုစံလှ မကွာ လား. . . (ကွာပါတယ်) အင်မတန် ကွာပါတယ်ဆိုတာ ဒကာဒကာမတွေ သေသေချာချာ မှတ်ပါနော်. . . (မှန်ပါ့ ဘုရား)။

## အိုရင်တော့အားမထုတ်နဲ့တဲ့

ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အင်္ဂုတ္တိုရ်ပါဠိတော်များမှာ အိုရင်တော့ အားမထုတ်နဲ့တော့ ဟော့လို့ တချို့နေရာမှာလည်းလာတယ် ,. . . (မှန်ပါ့ဘုရား)။

ကိုစောမောင်, ဘာတဲ့တုံး . . . (အိုရင်တော့ အားမထုတ်ပါနဲ့တော့) အိုရင် အားမထုတ်ပါနဲ့တော့ဆိုတာ သံဝေဂဉာဏ်သာ များတော့မယ် ဟိုဉာဏ်က မလာတော့ဘူး၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

သံဝေဂဉာဏ်တော့ သူတို့အိုတော့ မများဘူးလား . . . (များပါတယ်) များပေမယ့်လည်း ခုနင်ကပြောခဲ့တဲ့ ထိုးထွင်းဉာဏ်က . . . (မလာပါဘုရား) မလာနိုင်တော့ အဲဒါ လျှော့ရမလို ဖြစ်နေတဲ့နေရာလည်း ရှိသေးတယ် . . . (မှန်ပါ့ဘုရား)။

## ဒုက္ခနှစ်မျိုး

ဒါဖြင့် - အခု ဆရာဘုန်းကြီးဟောလိုက်တာ ဒုက္ခ ပေမယ့်လည်း နှစ်မျိုးပါလား. (မှန်ပါ့) ပါကဋဒုက္ခက တစ်မျိုး အပါကဋဒုက္ခက တစ်မျိုး . . . (မှန်ပါ့) အပါကဋဒုက္ခဆိုတာ မထင်ရှားဘူးတဲ့၊ ရှိတော့ရှိတယ် အဲဒီမထင်ရှားဘဲနဲ့ ရှိနေ

တာကို ကိုစံလှတို့ မြင်မှကိုက်မယ် . . . (မှန်ပါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ပကတိမျက်လုံးနဲ့ ကြည့်လိုက်တဲ့အခါကျတော့ မမြင်ပါဘူးတဲ့၊ ဉာဏ်မျက်လုံးနဲ့ တပ်ကြည့်လိုက်တဲ့အခါကျတော့ ဩော် . . . တော်တော် ဒုက္ခအစစ်ပါလားဆိုတာ ကိုယ်တိုင် မြင်လာလိမ့်မယ် . . . (မှန်ပါ)။

ကိုင်း . . . ဒါဖြင့် ဒုက္ခကို ဒီနေ့ ဘယ်နှစ်မျိုးခွဲပြီး ပြောပါလိမ့် (နှစ်မျိုးခွဲပြောပါတယ်) ပါကဋဒုက္ခက သံဝေဂ ဉာဏ်ကိုသာ ဖြစ်စေတယ်ဆိုတော့ (မှန်ပါ) အပါကဋ ဒုက္ခက မဂ်ဉာဏ်ကိုဖြစ်စေတယ်ဆိုတော့ ဩော် . . . ဒီစကားဟာ မလွယ်ပါလား . . . (မှန်ပါဘုရား)။

## သူတို့ငယ်ငယ်နဲ့မင်္ဂရကြတယ်

ဒီစကားဟာ မလွယ်ပါလားဆိုတာ နားကြီးကြီးနဲ့ ထောင်ကြည့်တော့မှ ကိုစောမောင် ဒုက္ခကွဲလာတယ် . . . (မှန်ပါဘုရား) နို့မဟုတ်လို့ရှိရင်ဖြင့် ဒကာဒကာမတွေ ရာဟုလာဟာ ငယ်ငယ်နဲ့ သောတာပန်တည်တယ်ဆိုတာ ကျန်းမာလို့ . . . (မှန်ပါ) မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်) ယသော်ရောတို့လည်း ၃၀, ၃၅ လောက်မှာ သူ သောတာပန်, သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်တယ်ဆိုတာ ကျန်းမာလို့

လား . . . (ကျန်းမာလို့ပါဘုရား) ကျန်းမာတုန်း ဉာဏ်ထက်တုန်း ခေ့ပါ့ဗျာ . . . (မှန်ပါ့)။

ဒါဖြင့် ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန်တို့ အလောင်းတွေဟာလည်း လူပျိုကြီးတွေပဲဗျာ၊ မဟုတ်ဘူးလား . . . (မှန်ပါ့) ဘယ်အချိန်များ သူတို့ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရလိုက်ပါလိမ့် မတုံးဆိုတော့ ကျန်းမာချမ်းသာတုန်း . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘယ်အချိန်ရပါလိမ့် . . . (ကျန်းမာချမ်းသာတုန်းပါဘုရား) ကျန်းမာချမ်းသာတုန်း ရတယ်ဆိုတော့ ကိုစောမောင် အဲဒီဝတ္ထုတွေက မထင်ရှားဘူးလား . . . (ထင်ရှားပါတယ်) ထင်ရှားနေတော့ ပြော် . . . သူတို့ ဘယ်ဒုက္ခမြင်လို့ပါလိမ့်မတုံးလို့ မောင်နိုင်က တွေးတာပေါ့ . . . (အပါကဋ္ဌဒုက္ခမြင်လို့ပါဘုရား)။

ဒါဖြင့် ဒုက္ခသည် လူတိုင်းမြင်နိုင်တဲ့ ဒုက္ခတစ်မျိုး၊ သဘောပါပလား . . . (ပါပါပြီ) လူတိုင်းမမြင်နိုင်တဲ့ဒုက္ခက . . . (တစ်မျိုးပါဘုရား) ဘယ်ဒုက္ခမြင်မှ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရမတုံး . . . (အပါကဋ္ဌဒုက္ခမြင်မှပါဘုရား) အပါကဋ္ဌဒုက္ခဆိုတာ လူတိုင်းမမြင်နိုင်ပါဘူး သဘောကျပလား . . . (ကျပါပြီဘုရား)။

ကိုင်း . . . ဒါဖြင့် ဒကာဒကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတာကိုပဲ ဘုန်းကြီးက ထုတ်ပြပါမယ်၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သံယုတ်ပါဠိတော်မှာ ဘယ်လိုဟောလိုက်သတုံး . . . ဆိုလို့ရှိရင် ရဟန်းတွေဟာတဲ့ သူတို့ တရားတော့အားထုတ်ပြီးသကာလ နေကြတယ်၊ ဖြစ်ပျက်တွေမြင်အောင်တော့ဖြင့် မောင်နိုင်, ကြိုးစားနေကြတယ် . . . (မှန်ပါ့)။

## ဘာ့ကြောင့်မဂ်မရကြတာလဲ

ဘုရားကလည်း သဗ္ဗညုတဉာဏ်တော်နဲ့ ကြည့်လိုက်တယ် ဒီကိုယ်တော်တွေကို၊ ဩော် . . . ဒီရဟန်းတွေဟာ ကြိုးစားတော့ ကြိုးစားနေတာပဲ၊ ခန္ဓာကိုယ်ကြည့်ပြီးသကာလ ဖြစ်ပျက်မြင်အောင်တော့ ကြည့်နေကြတာပဲ၊ ဖြစ်ပျက်တာ ဒုက္ခသစ္စာကိုး . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

အဲဒီ ဒုက္ခသစ္စာကို သူတို့က ကြည့်ပြီးသကာလ နေတော့ ဩော် . . . ကြည့်သာကြည့်တယ် သမာဓိမရှိဘူး . . . တဲ့၊ ဘုရားကသိတယ် . . . (မှန်ပါ့) ကြည့်သာကြည့်နေကြတယ်၊ သမာဓိ မရှိဘူးတဲ့ . . . (မှန်ပါ့)။

## သမာဓိမရှိရင်ဒုက္ခမမြင်နိုင်

ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တရားအား ထုတ်နေတဲ့ ရဟန်းတွေခေါ် ပြီးသကာလ မင်းတို့ အားထုတ် နေတာတော့ဖြင့် ထုတ်တာပဲကွာ၊ ထုတ်ပင်, ထုတ်ငြားသော် လည်း မင်းတို့သည်ကား . . . ဆိုလို့ရှိရင်ဖြင့် သမာဓိမရှိဘဲနဲ့ မင်းတို့အားထုတ်နေတဲ့အတွက် ဟုတ်တိုင်းမှန်စွာ ဒုက္ခကို မင်းတို့မမြင်တော့ဘူးတဲ့၊ သဘောကျပလား . . . (ကျပါပြီ) အပါကဋ္ဌဒုက္ခကို မမြင်နိုင်ဘူးတဲ့ ပေါ်ကြပလား . . . (ပေါ် ပါပြီဘုရား)။

## သမာဓိမရှိလို့မဂ်မရတာ

ဩော် . . . သမာဓိမရှိဘဲနဲ့ ဝိပဿနာလုပ်နေရင် ဝိပဿနာဆိုတာ ဒုက္ခကိုမြင်အောင်ကြည့်တာ ကိုစောမောင် ရေ . . . (မှန်ပါ) အဲဒီတော့ သူတို့က သမာဓိမရှိဘဲနဲ့ ဖြစ်ပျက်ဒုက္ခသစ္စာမြင်အောင် ကြည့်နေတော့ ဒီရဟန်းတွေ တော့ လွဲကုန်ပြီဆိုပြီး ဘုရားက ဇေတဝန်ကျောင်းကနေပြီး ခုနင်က တရားအားထုတ်နေတဲ့ ကိုယ်တော်တွေခေါ် ဟော့ ဆိုပြီး တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေကို အခေါ် ခိုင်းလိုက် တယ်နော် . . . (မှန်ပါဘုရား)။

တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေ အခေါ်ခိုင်းလိုက်ပြီး မင်းတို့ ဘာများလုပ်နေကြသတုံး တပည့်တော်တို့ဘုရား ခန္ဓာထဲမှာ ဖြစ်ပျက်နေတဲ့ ဒုက္ခသစ္စာကို ရှာနေပါတယ် (မှန်ပါ့ဘုရား) ရှာပင်ရှာငြားသော်လည်းကွာ မင်းတို့ မရနိုင်ဘူးတဲ့၊ ဒါ့ကြောင့် ငါသေသေချာချာသင်ဦးမယ်ဆိုပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "သမာဓိ ဘိက္ခဝေ ဘာဝေထ" ဒါကို အရင်ဟောလိုက်တယ်၊ ဘိက္ခဝေ = ငါ၏ချစ်သားတပည့်များတို့၊ သမာဓိ = သမာဓိကို၊ ဘာဝေထ = ရှေးဦးစွာ တည်ဆောက်လိုက်ကွတဲ့ . . . (မှန်ပါ့ဘုရား)။

## သမာဓိအရင်တည်ထောင်ပါ

ဘာတဲ့တုံး . . . (သမာဓိကို ရှေးဦးစွာ တည်ထောင်ရပါမယ်) သမာဓိတည်ထောင်လိုက်ကွာဆိုတော့ ကျန်းမာတဲ့ ရဟန်းတွေဟောနေတယ်ဆိုတာ သေချာပလား . . . (သေချာပါပြီဘုရား)။

သမာဓိကို တည်ထောင်လိုက်ကွ ဆိုတော့မှ ဒကာ ဒကာမတွေ . . . ဒီရဟန်းတွေကို သမာဓိအတည်ခိုင်းတယ်၊ သမာဓိဆိုတာကတော့ တစ်ခုတည်းသော အာရုံပေါ်မှာ ကိုယ့်စိတ်ထားလို့ မပြေးရင်ပြီးတာပဲ . . . (မှန်ပါ့ဘုရား)။

## သမာဓိဆိုတာ

သမာဓိဆိုတာ ဘာပါလိမ့်မတုံးလို့ ခင်ဗျားတို့ ဘာမှ မေးစရာမရှိဘူး ဒီတိုင်ကြီး ခင်ဗျားတို့ ကြည့်နေတယ် တိုင်ကြီး ဆီမှ တစ်ပါး စိတ်ဟာ ဘယ်မှသွားမပြေးလို့ရှိရင် ဒါသမာဓိ ပဲ . . . (မှန်ပါ့) ဒါကြောင့်သူဟာ မင်္ဂဖိုလ်မဆိုက်နိုင်ဘူးဆို တာ သေချာပလား . . . (သေချာပါပြီဘုရား)။

ဘာမှ မြင်တာမဟုတ်ဘဲ၊ ဒီအပေါ်မှာ တည်တာရှိ တာပဲ သဘောကျပလား . . . (ကျပါပြီ) ဒီအထဲမှာ ဒုက္ခ သစ္စာ သူမြင်နိုင်သလား . . . (မမြင်နိုင်ပါ) ဒါဖြင့် အသုဘ သူမြင်နိုင်သလား . . . (မမြင်နိုင်ပါ) မမြင်နိုင်ဘူး ဒကာ ဒကာမတို့ သမာဓိဟာ သမာဓိတစ်ခုတည်းသော အာရုံပေါ် မှာ ဘယ်မှမပြေးတာ ရှိတာပဲ (မှန်ပါ့) သဘောကျပလား . . . . (ကျပါပြီဘုရား)။

## ထိုးထွင်းသိ မပါသေးဘူး

ဒါဖြင့် သမာဓိကို ရှေးဦးစွာ တည်ထောင်ကွာလို့ ဆိုတော့တစ်ခုတည်းသော အာရုံမှာ ရှေ့ကမောင်နိုင်က ဖြစ်စေ၊ ကိုစံလှကဖြစ်စေ၊ ကိုစံလှကဖြစ်စေ ရှေ့ကတစ်ခု ထားပြီး စိုက်ကြည့်၊ စိုက်ကြည့်နေတဲ့အခါကျတော့ ဒီစိတ်ဟာ

ဒီမှာပဲစိုက်နေတယ်၊ ဘယ်မှမပြေးတော့ဘူး၊ ၁၀-မိနစ်၊ ၁၅-မိနစ်၊ နာရီဝက်၊ သမာဓိပဲ မောင်နိုင်ရဲ့ . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီဟာကလေး စိုက်နေရတာပဲ ရှိတာပဲ ကိုစံလှရဲ့၊ ဒီအထဲမှာ ထိုးထွင်းသိ သူ့အထဲပါရဲ့လား . (မပါ, ပါဘုရား)မပါသေးတဲ့အတွက် သမာဓိချည်းသက်သက်ဆိုလည်း ကိုစောမောင် မရဘူး . . . (မှန်ပါ့) သစ္စာဆိုက် ဖြစ်ပါ့မလား . . . (မဖြစ်ပါဘုရား)။

## သမာဓိရှိမှ သစ္စာမြင်မယ်

ဒါဖြင့် ဒကာဒကာမတို့ ဘုရားက ခုနင်က ရဟန်းတွေ ခေါ်လိုက်ပါပြီ၊ မင်းတို့ သမာဓိမရှိဘဲနဲ့ သစ္စာကြည့်နေလို့တော့ဖြင့် မင်းတို့မြင်ကြမယ်မဟုတ်ဘူး၊ သမာဓိကို တည်ထောင်ဦးကွတဲ့၊ ဒါကို အရင်ဟောလိုက်ပါတယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေလည်း ဒီရောက်လာတဲ့အလုပ်တောင်းတဲ့ ဒကာဒကာမတွေ အလုပ်လုပ်တဲ့ ဒကာဒကာမတွေ တစ်ရက်ဆိုလို့ရှိရင် ဘုန်းကြီးက အလုပ်ကို မပေးသေးဘူး ကိုစောမောင်၊ သမာဓိဖမ်းပါဦးလို့ ပြောလိုက်တယ်, (မှန်ပါ့ဘုရား)။

## အာနာပါန အရင်လုပ်ပါဦး

ပထမရောက်လာတဲ့နေ့ သမာဓိဖမ်းပါဦး၊ မင်းတို့ ဆယ့်ငါးမိနစ်, နာရီဝက် ရပလားဆိုတာ ဒါက နဂိုကမှ အပါရှ ဒုက္ခသစ္စာကို တော်တော်ကြည့်ရမည့်ဥစ္စာ သမာဓိက မပါဘဲ နဲ့ ကြည့်နေမယ်ဆိုရင် မောင်နိုင်, ရပ့်မလား . . . (မရပါ ဘုရား)။

အဲဒါကြောင့် ဒကာဒကာမတွေ အိမ်မှာ အားထုတ်နေတဲ့ ဒကာဒကာမတွေအတွက်ဆိုရင် ရှေးဦးစွာ အာနာပါန ဖြစ်တဲ့ ထွက်လေကလေးကြည့်၊ ဝင်လေကလေးကြည့်ပြီး နှာသီးဖျားစိတ်ထားပြီး ထွက်တာသိ, ဝင်တာသိကလေးကို ဆယ်မိနစ်, ဆယ့်ငါးမိနစ်၊ ဒါဟာ ရှေးဦးစွာလုပ်တဲ့ ပုဂ္ဂိုလ် မှာ လုပ်ပေးပါ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

အဲဒီတော့ ထွက်တိုင်း ဝင်တိုင်းသိနေတော့ စိတ်ဟာ ဒီလေဆီမှတစ်ပါး ဘယ်မှမပြေးတော့ဘူးဆိုတာ မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)။

လေကို သူသိနေတာပဲ၊ ထွက်သွားတဲ့လေကိုလည်း ထွက်သွားတဲ့ လေလို့ သူသိတယ်၊ ဝင်လာတဲ့လေရော . . . (ဝင်တဲ့လေလို့ သိပါတယ်ဘုရား)။

ဒါဖြင့် သူလေပေါ်မှတစ်ပါး တခြားကို မသွားတော့ဘူး၊ ဆယ်မိနစ် ဆယ့်ငါးမိနစ်ဟာ ထွက်တိုင်းသိ, ဝင်တိုင်းသိ, သိနေတော့ ဩော် . . . လေပေါ်မှတစ်ပါး သူဘယ်မှ မပြေးတဲ့အတွက် သမာဓိတည်ပြီလို့ မှတ်လိုက်တာပေါ့ . . . (မှန်ပ့ါ) သဘောကျပလား . . . (ကျပါပြီဘုရား)။

## နာရိဝက်တိုင်တိုင်သိနေ

သမာဓိတည်ပြီနော်, ဒကာဒကာမတွေ . . . (မှန်ပါ့ဘုရား) ကောင်းပြီ . . . ဆယ်မိနစ်, ဆယ့်ငါးမိနစ်, နာရီဝက်တိုင်တိုင် ဘယ်မှမပြေးတော့ဘူးဘုရား၊ ထွက်တိုင်းသိ, ဝင်တိုင်းသိ, လေပေါ်မှာသာ တပည့်တော်, သတိနဲ့သာ သမာဓိရှိတော့တယ်၊ လေပေါ်မှသာ သတိနဲ့ သမာဓိရှိတော့တယ်ဆိုလို့ရှိရင်ဖြင့် မောင်နိုင်, ဖြုတ်လိုက်ပါတော့ တော်ပြီသူ့ကို . . . (မှန်ပ့ါဘုရား) ကိုစံလှ, ၄တော်ပြီနော် . . . ဆယ့်ငါးမိနစ်လောက်ရရင် တော်ပါပြီ (မှန်ပ့ါ)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "သမာဓိ ဘိက္ခဝေဘာဝေထ" မင်းသမာဓိကို ရှေးဦးစွာပွားကွ . . . ဆိုတော့ ခုနင်က အလုပ်ခိုင်းတာ ကိုစောမောင်, သဘောကျပလား . . . (ကျပါပြီဘုရား)။

သမာဟိတော ယထာဘူတံ၊ ပဇာနာတိ။ သမာဟိတော=တည်ကြည်သော ပုဂ္ဂိုလ်သည်၊ ယထာဘူတံ = အပါကင်း ဖြစ်တဲ့ဖြစ်ပျက်ဒုက္ခသစ္စာကို၊ ပဇာနာတိ = သိ၏တဲ့၊ ခုနင်က သမာဓိတည်ပြီးတဲ့ပုဂ္ဂိုလ်မှ၊ ခန္ဓာလှည့်လိုက်တဲ့အခါမှာ အပါကင်းဒုက္ခသစ္စာ သွားတွေ့တယ် (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဘာသွားတွေ့သလဲ . . . (အပါကင်း ဒုက္ခသစ္စာ သွားပြီးတွေ့ပါတယ်ဘုရား) ပါကင်း ဒုက္ခသစ္စာကတော့ အနာပေါက်တာမျိုးကိုဆိုတာ ကိုစောမောင်ရေ, . . . (မှန်ပါ့)။

အနာပေါက်တာ, လေနာတာ, ခေါင်းကိုက်တာ၊ ဩော် . . . ဒုက္ခ, ဒုက္ခ ဩော် . . . ဒုက္ခ, ဒုက္ခဆိုတော့ သူကလည်း သံဝေဂဉာဏ် သက်သက်သာသွားတယ်၊ မဂ်ဉာဏ်ဘက်လာရဲ့လား . . . (မလာပါဘုရား)။

အဲဒါကြောင့် ဒုက္ခနှစ်မျိုး ရှိတယ်လို့ ဆရာဘုန်းကြီးက စောစောက ဝေဖန်ခဲ့တာရော ကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား)။

## ထင်ရှားတဲ့ဒုက္ခနဲ့မဂ်မရနိုင်

နို့မဟုတ်လို့ရှိရင်ဖြင့် လူကြီးတွေဟာ ဩော် . . . ဒုက္ခ ဩော်ဒုက္ခဆိုတာတွေကတော့ သူတို့လည်း ထ,လည်း ဒုက္ခ၊ ထိုင်လည်းဒုက္ခကတော့ ကိုစောမောင် ခင်ဗျားလည်း ကြားဖူးမှာပဲ . . . (ကြားဖူးပါတယ်ဘုရား)။

ကြားဖူးပင် ကြားဖူးပြောသော်လည်း သူမဂ်ဉာဏ် ဖိုလ်ဉာဏ်ရသွားသလား . . . (မရပါဘုရား) ဘာဖြစ်လို့ မရတာတုံး, ပါကဋဒုက္ခလောက်သာ သိနေလို့ . . . (မှန်ပါ့) ထင်ရှားတဲ့ဒုက္ခ . . . တို့ သဘောကျပလား . . . (ကျပါပြီ ဘုရား)။

ဒါဖြင့် မထင်ရှားနိုင်တဲ့ ဉာဏ်နဲ့ကြည့်မှ မြင်နိုင်တဲ့ ဒုက္ခကို မြင်ပါမှ မဂ်ဆိုက်မယ်ဆိုတာကို လေးလေးစားစား မှတ်ပါ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## သေခါနီးမှ ကြိုးစားရင်မဖြစ်ဘူး

ဒါဖြင့် ကျန်းမာစဉ် လုပ်ရမှာလား၊ မကျန်းမာစဉ် လုပ်ရမှာလား (ကျန်းမာစဉ် လုပ်ရမှာပါဘုရား) ဒါ့ကြောင့် တရားနာနေကြတဲ့ ဒကာဒကာမတွေ ကျန်းမာချိန်ကို မြင် ရမည့် ဒုက္ခမှ ခင်ဗျားတို့မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရမှာ သေခါနီး

မှ ကြိုးစားမယ်ဆိုရင်လည်း မဖြစ်ဘူး . . . (မှန်ပါ့) ပေါ်ကြ ပလား . . . (ပေါ်ပါပြီဘုရား)။

သေခါနီးမှ ကြိုးစားမယ်ဆိုရင် . . . (မဖြစ်ပါဘုရား) ဝေဒနာတွေ ထူထပ်မှ ကြိုးစားမယ်ဆိုရင်ရော . . . (မဖြစ် ပါဘုရား) ဘာ့ကြောင့်တုံး . . . ဝေဒနာထူထပ်မှ ကြိုးစား တော့ ပါကဋဒုက္ခလောက်သာ သူဖြစ်ပြီး သံဝေဂဘက်သွား တော့မယ် . . . (မှန်ပါ့) မဂ်ဉာဏ်ဖိုလ်ဉာဏ် လာပါဦးမလား . . . (မလာပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ အခုတရားနာကြတဲ့ ဒကာ ဒကာမတွေ အားလုံး ကျန်းမာလို့ ကြီးတဲ့ပုဂ္ဂိုလ်လည်း ကျန်းမာလို့ ငယ်တဲ့ပုဂ္ဂိုလ်ရော . . . (ကျန်းမာလို့ပါဘုရား)။

ကျန်းမာလို့ လာပြီး နာကျတဲ့အခါကျတော့ တကယ့် မဂ်ဆိုက်ဖိုလ်ဆိုက်ဒုက္ခ သိချင်လို့ရှိရင် ဘယ်အချိန် လုပ်ရ မှာပါလိမ့် . . . (ကျန်းမာတဲ့အချိန် လုပ်ရမှာပါ) သဘော ကျပလား . . . (ကျပါပြီဘုရား)။

## အရွယ်ကောင်းတုန်းကြိုးစားပါ

ဘယ်အချိန်လုပ်ရမှာလဲ . . . (ကျန်းမာတဲ့အချိန် လုပ်ရပါမယ်) ကျန်းမာတဲ့အချိန် **အရွယ်ကောင်းတုန်းကို** ကြိုးစားလိုက်ပါဆိုတာကိုလည်း ဘုရားက တိုက်တွန်းသည့်

အတိုင်း ဘုန်းကြီးက နိုးဆော်ပါတယ် . . . (မှန်ပါ) သဘောကျပလား . . . (ကျပါပြီဘုရား) ဦးဘကလေး, ကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား)။

ကောင်းပြီ, ဒါဖြင့် "သမာဓိ ဘိက္ခဝေဘာဝေထ" ဆိုတော့ ကိုစံလှရေ . . . သမာဓိကလေးနည်းနည်း တည်အောင်လုပ်ပါ . . . (မှန်ပါ) တည်ပြီးတော့ ခန္ဓာဘက် ဉာဏ်လှည့်လိုက်၊ တည်ပြီးလို့ရှိရင် လေဘက်ကို မလှည့်နဲ့တော့ . . . (မှန်ပါ) လေထွက်တာ ဝင်တာကို သိတာကို မလှည့်နဲ့တော့ . . . (မှန်ပါ)။

သမာဓိတည်နေတဲ့ ပုဂ္ဂိုလ်ဟာ ခန္ဓာက မောင်နိုင်, နဂိုကလည်း ဖြစ်ပြီးပျက်တဲ့ ဒုက္ခသစ္စာကိုး . . . (မှန်ပါ) အဲဒီတော့ သမာဓိတည်ပြီးနေတဲ့ ပုဂ္ဂိုလ်သာ နောက်ပညာနဲ့ ကြည့်လိုက်တဲ့အခါကျတော့ ဒီခန္ဓာ ဒုက္ခသစ္စာကို ဒုက္ခသစ္စာ ရယ်လို့ပဲ သူ့မှာ ပညာနဲ့ကြည့်လိုက်တဲ့အခါ ကိုစောမောင်, သမာဓိတည်ပြီးမှ ကြည့်တဲ့အခါကျတော့ တွေ့တာပဲ . . . (မှန်ပါ) သဘောကျပလား . . . (ကျပါပြီဘုရား)။

## သမာဓိတည်ပြီးမှကြည့်

ဘယ်အချိန် ကြည့်ရမှာပါလိမ့် . . . (သမာဓိတည် ပြီးတဲ့အချိန်ကြည့်ရမှာပါ) သမာဓိတည်ပြီးမှ ကြည့်လိုက်တဲ့

အခါကျတော့ ဟိုနေရာကရွှရွ၊ ဒီနေရာကရွှရွ၊ ဒီနေရာက ယားသလိုလို၊ ဟိုနေရာက ယားသလိုလိုနဲ့ အို . . . ဖောက်ပြန် ပျက်စီးနေလိုက်တာ . . . (မှန်ပါ့ဘုရား)။

ဖောက်ပြန်ပျက်စီးနေလိုက်တာ ဟိုနေရာ လှုပ်လှုပ် ဒီနေရာက ဘာလိုလို အဲဒီလို ဘာလိုလိုဟူသရွေ့သည်ကား။ ဟိုကရွှရွ၊ ဒီကရွှရွ အစရှိသည်တို့ဟာ ဒါဟာဖြစ်ပြီးပျက်နေတဲ့ သဘောတွေပဲဆိုတော့ ခင်ဗျားတို့ စဉ်စားကြည့် အနာပေါက်နေတာမျိုး ဟုတ်ပါရဲ့လား၊ ကျွန်းမာပါလျက်နဲ့ ပြနေတာလား . . . (ကျွန်းမာလျက်နဲ့ ပြနေတာပါဘုရား)။

## ဒါမှမဂ်ဉာဏ်ကျေးဇူးပြုမယ်

ကျွန်းမာလျက်ပြနေတဲ့ ခန္ဓာထဲမှာ ဖောက်ပြန်မှုသည် သာလျှင် မဂ်ဉာဏ်ကို ကျေးဇူးပြုတယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒုက္ခဘယ်နှစ်မျိုး ရှိသတုံး . . . လို့ မေးရင် ဘယ့်နှယ်ဖြေကြမလည်း . . . (နှစ်မျိုးပါဘုရား) ပါကဋဒုက္ခ တစ်မျိုး . . . (အပါကဋဒုက္ခတစ်မျိုးပါဘုရား)။

အပါကဋဒုက္ခ ဘယ်အချိန်ကြည့်ရမှာတုံး . . . (ကျွန်းမာတုန်း ကြည့်ရမှာပါဘုရား) ပါကဋဒုက္ခဆိုတာ ဘယ်အချိန် ပေါ်တတ်သတုံး . . . (မကျွန်းမာတုန်းပေါ်

တတ်ပါတယ်ဘုရား) မကျန်းမာတုန်း သိတာကတော့ ဒုက္ခ တော့ သိပါရဲ့ . . . တဲ့၊ သံဝေဂဉာဏ်သိ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကျန်းမာတုန်း သမာဓိတည်ပြီးကြည့်လိုက်တဲ့ ဥစ္စာ တော့ ကြည့်လိုက်လို့ မြင်တာကတော့ဖြင့် ဒကာဒကာမတို့ သူများမထင်ရှားတာကို ထင်ရှားအောင်မြင်တယ်၊ ဒါ့ကြောင့် အပါကဋ္ဌဒုက္ခလို့ ဆိုလိုက်တယ် . . . (မှန်ပါ့) ကိုစံလှ, ကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတွေ ဘုရားက ဘယ်အချိန် လုပ်စေချင်ပါလိမ့်မလည်းဆိုတာ ပေါ်သွားပြီ . . . (ပေါ်သွား ပါပြီဘုရား) မပေါ်သေးဘူးလား . . . (ပေါ်ပါပြီဘုရား)။

ဒါ့ကြောင့် လှေးလေးနက်နက်ပဲ ပြောနေတယ်ဆိုတဲ့ ဥစ္စာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ အင်မတန် အရေးကြီးတဲ့အချက်ကို အရေးကြီးသလိုမှတ်ဖို့ မောင်နိုင်, ပြောနေတယ် . . . . (မှန်ပါ့ဘုရား) ကိုပေါ် ကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား)။

ခင်ဗျားတို့ ကျန်းမာသေးတယ်မဟုတ်လား . . . (မှန်ပါ့) အဲ ကျန်းမာသေးတဲ့အချိန်မှာ ခန္ဓာထဲမှာ သမာဓိ တည်အောင် လုပ်ပြီးကြည့်လိုက်လို့ရှိရင် ခုနင်က သံဝေဂ

ဉာဏ်လာမလား မဂ်ဉာဏ်လာမလား . . . (မဂ်ဉာဏ်လာမှာ ပါဘုရား)။

ကဲ . . . ဒကာဒကာမတွေ ဒီနေ့ ဒီတစ်လုံးတည်း ခင်ဗျားတို့ ဪ် . . တို့သိတာ ဒုက္ခတစ်မျိုးတည်း အောက်မေ့နေတယ်၊ ဘယ်ဟုတ်မလဲ . . . (မှန်ပါ့) ကိုစော မောင်, တစ်မျိုးတည်း အောက်မေ့နေတယ် . . . (မှန်ပါ့) သံဝေဂဉာဏ်ရတဲ့ ဒုက္ခကတစ်မျိုး၊ မဂ်ဉာဏ်ရတဲ့ဒုက္ခက . . . (တစ်မျိုးပါဘုရား)။

အဲဒီလို သေသေချာချာ ရှင်းလင်းပေးတဲ့ဆရာနဲ့ တွေ့တော့မှ ဪ် . . . ဒါဖြင့် ရှေးက ဝဋ္ဋသက်သေ သာဓကဥ် ကြည့်လိုက်ပြန်လို့ ရှိရင်လည်း ကျွန်းမာတုန်းမှာ ရကြတဲ့ မဂ်ဉာဏ်ကများကယ် . . . (မှန်ပါ့) မကျန်းမာတုန်း ရသွားတဲ့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်က ကျန်းမာတုန်းမှာ ကြိုးစား ပြီးသားပုဂ္ဂိုလ်များရတယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ အရွယ်ကိုလည်း စောင့်မနေ ကြနဲ့၊ အချိန်ကိုလည်း စောင့်မနေကြနဲ့ ကျန်းမာတုန်း မြင်ရ မည့်ဒုက္ခမှ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရမှာ ဖြစ်လေသောကြောင့် ဒီအချိန်အကောင်းဆုံးပဲထားပြီး ကြိုးစားပါ . . . (မှန်ပါ့) ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

## သံယုတ်ပါဠိတော်မှာလာတယ်

ကိုင်း . . . ဒါကို ဘယ်မှာဟောပါသတုံး . . . ဆိုတော့ သံယုတ်ပါဠိတော်မှာ ဘုရားက သမာဓိ ဘိက္ခဝေ ဘာဝေထ၊ ရှေးဦးစွာ သမာဓိ တည်ထောင်လိုက်ဟေ့ . . . တဲ့၊ ငါးမိနစ်, ဆယ်မိနစ်, ဆယ့်ငါးမိနစ် တည်ထောင်လိုက်, ပြီးတာပဲနော် . . . (မှန်ပါ့)။

တည်ထောင်ပြီးသကာလ သမာဟိတော = တည်ကြည်ပြီးသော ပုဂ္ဂိုလ်သည်၊ ယထာဘူတံ = ခန္ဓာထဲမှာ ရှိတဲ့, **အပါကဋဒုက္ခကို၊** ပဇာနာတိ = သူသိရမယ် . . . တဲ့၊ ကဲ . . . မောင်နိုင်, ကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား)။

ကျန်းမာတုန်းကိုပဲ မောင်နိုင်တို့က သမာဓိတည်ပြီးသကာလ ကျန်းမာတုန်းလည်း ခန္ဓာပြန်ကြည့်လိုက်ပါတဲ့၊ သမာဓိတည်ပြီးမှ ကြည့်လိုက်လို့ရှိရင် ဟုတ်တိုင်းမှန်စွာသိတဲ့ ဒုက္ခသစ္စာကို ကိုစောမောင် သိမယ် . . . (မှန်ပါ့)။

ဒါဖြင့် ဘယ်အချိန်သိရမှာပါလိမ့် . . . (ကျန်းမာတုန်း သိရပါမယ်ဘုရား) ကျန်းမာတုန်း ကြည့်ရမယ်လို့ အားလုံး ဒကာဒကာမတွေ သတိပေးလိုက်တယ်နော် . . . (မှန်ပါ့)။

နို့ . . . မကျန်းမာတဲ့အခါ မြင်တဲ့ ဒုက္ခတွေကတော့ ရော အို အဲဒါတွေကတော့ ပါကဋ ဒုက္ခဖြစ်လေသောကြောင့်

သံဝေဂဉာဏ်ကို ကျေးဇူးပြုပြီး မဂ်ဉာဏ်ပေါ်ဖို့ မလွယ်သော ကြောင့် ဒကာဒကာမတို့ အကျိုးများသင့်သလောက် မများ ဘူး . . . (မှန်ပါ့ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား) အကျိုးများသင့်သလောက် မများဘူးလို့ ဟောလိုက်ပါတယ် . . . (မှန်ပါ့ဘုရား)။

သံဝေဂဉာဏ်ကမှ မဂ်ဉာဏ်ကိုတက်ရမှာကိုး . . . (မှန်ပါ့) အဲဒီတော့ ပထမအဆင့်တွင် မောင်နိုင်, အချိန်ကုန် နေပြီ၊ ဒုတိယအဆင့် ရောက်နိုင်သေးရဲ့လား . . . (မရောက် နိုင်ပါဘုရား)။

ဒါ့ကြောင့် ဒကာဒကာမတို့ မြန်မြန်လုပ်, မြန်မြန် လုပ်လို့ ဆိုတဲ့ဥစ္စာ ဉာဏ်ကောင်းတုန်း မြန်မြန်လုပ်လို့ ပြော တာ၊ ပေါ်ပြီနော် . . . (ပေါ်ပါပြီဘုရား)။

## ရှေးဦးစွာသမာဓိလုပ်ပါ

အဲဒီမှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မင်းတို့ ကို ငါဟောတာ ရှေးဦးစွာ သမာဓိလုပ်၊ လုပ်ပြီးသည်၏ အခြားမဲ့မှ ခန္ဓာကို ဉာဏ်စိုက်, ဒီလိုဟောလိုက်တယ် . . . (မှန်ပါ့)။

အဲဒီလို ခန္ဓာဉာဏ်စိုက်လိုက်တဲ့ အခါကျလို့ရှိရင် ကွာ. . . တဲ့၊ ဘယ်လိုဖြစ်လာသတုံးလို့ မေးလို့ရှိရင် မိမိခန္ဓာ

ကြီး ဖြစ်တာကိုလည်း သိပါတယ်, ပျက်တာကိုလည်း သိပါ
တယ် သဘောကျပလား . . . (ကျပါပြီဘုရား)။

မိမိခန္ဓာကြီး၏ ဖြစ်တာကိုလည်းသိပါတယ်, ပျက်တာ
ကိုလည်း သိပါတယ်. . . တဲ့၊ ခန္ဓာဉာဏ်စိုက်လိုက်လို့ရှိရင်
. . . (မှန်ပါ့)။

ဒါဖြင့် သမာဓိရှိပြီးသကာလ ကျန်းမာတုန်းက ခန္ဓာ
ထဲမှာ ဉာဏ်စိုက်တဲ့ ပုဂ္ဂိုလ်ဟာ ခန္ဓာဖြစ်တာကိုလည်း . . .
(သိပါတယ်ဘုရား) ချုပ်တာကိုရော . . . (သိပါတယ်ဘုရား)။

ကောင်းပြီ . . . ဒါဖြင့် ရှင်းပြတော့မယ် . . . တဲ့၊
ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဤအတိုင်း ဟောတော်
မူပြီ။

ကဲ . . . ဒါဖြင့် ဒကာဒကာမတို့ ဒကာဒကာမတို့
ဆိုရတာကလဲခေါ်ဝေါ်နေကျမို့သာ ခေါ်ရတယ်၊ စင်စစ်တော့
ခန္ဓာငါးပါးပဲ (မှန်ပါ့ဘုရား) သဘောကျပလား . . .
(ကျပါပြီဘုရား)။

ရှိတာက ဘာပါလိမ့် . . . (ခန္ဓာငါးပါးပါဘုရား)
ဩော် . . . ခန္ဓာငါးပါးကို၊ ခန္ဓာငါးပါးကို သမာဓိတည်ပြီးတဲ့
ပုဂ္ဂိုလ်က ကိုစောမောင်, ရေ . . . ကြည့်ပေးနော် . . .
(မှန်ပါ့)။

## သမာဓိပြီးရင် ဘာလုပ်ရမလဲ

သမာဓိတည်ပြီးရင် ဘာလုပ်ရမလဲ . . . (ခန္ဓာငါးပါးကို ကြည့်ပေးရပါမယ်ဘုရား) ခန္ဓာငါးပါးကို ကြည့်ပေးရမယ်။

ငါးပါးစလုံး မကြည့်နဲ့တဲ့၊ ဘာကြောင့်တုံးဆိုတော့ သတိပဋ္ဌာန်လေးမျိုးဟောထားတယ် သတိပဋ္ဌာန်က လေးမျိုးတည်း ဟောထားတယ် . . . (မှန်ပါ့) သတိထားရမှာက လေးမျိုးတည်းရှိတယ်ကွတဲ့ . . . (မှန်ပါ့) ငါးပါးစလုံး ကြည့်ရမယ်လို့ လာရဲ့လား . . . (မလာပါဘုရား) ကာယာနုပဿနာ သတိပဋ္ဌာန်ဆိုရင် ရုပ်ဘက်ကကြည့်ကွ . . . တဲ့၊ သဘောကျပလား၊ (ကျပါပြီဘုရား) ဝေဒနာနုပဿနာဆိုတော့ ဝေဒနာတွေကြည့်၊ နာမ်ဘက်ကတောင် အကုန်မပါဘူး . . . (မှန်ပါ့ဘုရား) ဘာကြည့်ရမတုံး . . . (ဝေဒနာတွေ ကြည့်ရပါ့မယ်ဘုရား)။

ကြည့်လေ . . . သတိပဋ္ဌာန်နဲ့ ဝေဖန်လာတာ၊ အကုန်ငါးပါးစလုံး ကြည့်ရမယ်လို့ လာရဲ့လား . . . (မလာပါဘုရား)။

စိတ္တာနုပဿနာဆိုတော့ ဘာကြည့်ရမတုံး . . . (စိတ်ကြည့်ရပါမယ်ဘုရား) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဓမ္မာနုပဿနာဆိုတော့ သစ္စာကြည့်ကွ . . တဲ့၊ သဘောကျပလား . . . (ကျပါပြီဘုရား) ဓမ္မာနုပဿနာဆိုတော့ ခန္ဓာငါးပါးရယ်လို့ ဝေဖန်မနေနဲ့တော့ ဖြစ်ပျက်ကြည့် . . . (မှန်ပါ)။

ဓမ္မာနုပဿနာကျတော့ ဘာကြည့်ရမတုံး . . . (ဖြစ်ပျက်ကြည့်ရပါမယ်ဘုရား) ဖြစ်ပျက်ကြည့်ဆိုတော့ အကုန်ငါးပါးစလုံးဟာ မောင်နိုင် ဘာချည်းတွေ့သတုံး . . . (ဖြစ်ပျက်တွေ့ပါတယ်ဘုရား) အဲဒါ သစ္စာလည်း ဖြစ်ပျက်တစ်ခုတည်းသာ စိုက်ကြည့်တော့ . . (မှန်ပါ့ဘုရား) ကိုစောမောင်ကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား)။

## သတိပဋ္ဌာန်လေးပါး

ဒါဖြင့် ငါးပါးစလုံး ကြည့်ရမယ်လို့ ပါရဲ့လား . . . (မပါ, ပါဘုရား) မပါဘူး . . . တဲ့၊ သတိပဋ္ဌာန်လေးပါးနဲ့ ဝေဖန်ကြည့်လိုက်တော့ ငါးပါးလုံးကြည့်ရမယ်လို့ မပါ, ပါဘူး၊ ကာယာနုပဿနာတစ်ချက်, ဝေဒနာနုပဿနာတစ်ချက်, စိတ္တာနုပဿနာတစ်ချက် ဖြစ်ပျက်တစ်ခုတည်း အကုန်ဟာ ဘာမှမရှိဘူး၊ ဖြစ်ပျက်ချည်းပဲဆိုပြီး ဓမ္မာနုပဿနာတစ်ချက် ဒီလိုကြည့်လိုက်ရင် ပြီးသွားတာပဲ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် သတိပဋ္ဌာန်လေးမျိုး မထားဘူးလား . . . (ထားပါတယ်ဘုရား) သတိပဋ္ဌာန်လေးမျိုးတော့ ခန္ဓာငါးမျိုး ရှိနေတယ်ဆိုတော့ ငါးပါးစလုံး ကြည့်ရမည့် သတိပဋ္ဌာန်က ပါကိုမပါဘူး . . . (မှန်ပါ့)။

နောက်ဆုံးပိတ် ဓမ္မာနုပဿနာဆိုတာလည်း ငါးပါးကို အကုန်ခြုံကြည့်တာမဟုတ်ဘူး၊ ဘယ်ဟာပေါ်ပေါ် ဉာဏ်ထဲမှာ ဖြစ်ပျက်တွေ့ရင် ပြီးရော . . . (မှန်ပါ့ဘုရား) သဘောကျပလား . . . (ကျပါပြီဘုရား) ရှင်းကြပြီနော် . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ခန္ဓာငါးပါးစလုံး ရှုရမှာလား . . . (မဟုတ်ပါဘုရား) တစ်ခုကောင်းရှု . . . (မှန်ပါ့) တစ်ခုကောင်းရှုပါလို့ သတိပေးလိုက်တယ်နော် . . . (မှန်ပါ့) ဘာရှုရမယ် . . . (တစ်ခုကောင်းရှုကြရပါမယ် ဘုရား)။

## သောတာပန်တည်ချင်ရင်

တစ်ခုကောင်းရှုတော့ကို ကိုင်း . . . ဒကာဒကာမတို့ ရှေးဦးမဂ်သည် ရှေးဦးစွာ မဂ်ဟာ မောင်နိုင်သိပြီ၊ သောတာပတ္တိမဂ်ပဲ၊ (မှန်ပါ့) ကိုစောမောင်သိတာရော (သောတာပတ္တိမဂ်ပါဘုရား)။

ဒါဖြင့် သောတာပတ္တိမက်သည် ဘာကိုဖြတ်စေခြင်း အကျိုးငှာ ဒကာဒကာမတို့ ဘာကိုအရေးတကြီး ဖြတ်ရပါ လိမ့်မလဲလို့ သောတာပတ္တိမဂ်ကို သွားမေး၊ မေးတဲ့အခါ ကျတော့ ကျုပ်ဟာ ဒိဋ္ဌိဖြတ်တယ်လို့ ပြောပါလိမ့်မယ်၊ သဘောကျပလား . . . (ကျပါပြီဘုရား)

## ဒိဋ္ဌိအရင်ဖြတ်ပါ

မဂ်ထဲမှာ ဘယ်မဂ် အရင်ရ, ရမှာတုံးဗျ . . . (သော တာပတ္တိမဂ်ပါဘုရား) သောတာပတ္တိမဂ်ကလည်း ဘာဖြတ်ရ မှာတုံး . . . (ဒိဋ္ဌိဖြတ်ရမှာပါဘုရား)။

ဒါဖြင့် ဒိဋ္ဌိဖြတ်တဲ့အလုပ်ကို ရှေးဦးစွာ ၁-နံပါတ်ထား လုပ်ပါ (မှန်ပါ့) ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

ဘာလုပ်ရမယ် . . . (ဒိဋ္ဌိဖြတ်တဲ့အလုပ်ကို ၁-နံပါတ်ထားလုပ်ရပါမယ်ဘုရား) ရှင်းပလား မောင်နိုင် . . . (ရှင်းပါပြီဘုရား)။

ဩော် . . . ဒါဖြင့် အခုသတိပဋ္ဌာန်လေးပါး ရှိသည် အနက်က ရုပ်ကိုကြည့်ရမည့်သတိပဋ္ဌာန် ဝေဒနာကို ကြည့်ရ မည့်သတိပဋ္ဌာန်၊ စိတ်ကိုကြည့်ရမည့် သတိပဋ္ဌာန်၊ ဖြစ်ပျက်ကို ကြည့်ရမည့် သတိပဋ္ဌာန်လို့ သတိပဋ္ဌာန်လေးမျိုးရှိတယ် . . . (မှန်ပါ့)။

အဲဒီတော့ . . . ဒိဋ္ဌိအစွဲဆုံးကို ရှာကြစို့ မဟုတ်လား . . . (မှန်ပါ့) ဘာရှာကြရပါမယ် (ဒိဋ္ဌိအစွဲဆုံးကို ရှာကြရပါမယ်) ဒိဋ္ဌိအစွဲဆုံးကို ရှာကြရတော့မယ်ဆိုတာ ဒကာဒကာမတွေ သဘောပေါက်ပလား . . . (သဘောပေါက်ပါပြီဘုရား)။

**စိတ်ပေါ်မှာ ဒိဋ္ဌိအများဆုံး**

အဲဒီတော့ မှတ်လိုက် . . . တဲ့၊ သမ္မောအဋ္ဌကထာမှာပြတာက စိတ်ပေါ်မှာ အများဆုံး. . . တဲ့ (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ သောတာပန်တည်ချင်ရင် ဒိဋ္ဌိဖြုတ်ရလိမ့်မယ်. . . (မှန်ပါ့) ဒိဋ္ဌိကလည်း ဘယ်သူ့အပေါ်မှာ အစွဲဆုံးလဲ . . . (စိတ်ပေါ်မှာ အစွဲဆုံးပါဘုရား)။

ဒါဖြင့် စိတ္တာနုပဿနာ စ,လုပ်. . . (မှန်ပါ) ကိုစံလှ, ဘာစ,လုပ်ရမလဲ. . . (စိတ္တာနုပဿနာစ,လုပ်ရပါမယ်ဘုရား)။

သမာဓိ တည်ပြီးရင် ဘယ်ဝိပဿနာ, ခန္ဓာငါးပါးထဲက ဘယ်ဟာကို အရင်ကြည့်ရမလဲ . . . (စိတ္တာနုပဿနာကို အရင်ကြည့်ရပါမယ်) စိတ်ကိုကြည့် ကိုစောမောင်ပေါ်လာပြီ. . . (ပေါ်လာပါပြီဘုရား)။

ကဲ. . . မောင်နိုင်ရာကောင်းကောင်းကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား) ဒါ. . . အဆင်ပြေအောင်ကို တစ်ခါတည်း အစ,ကစ,ပြီး သကာလ. . . ဒကာဒကာမတွေ နားမလည် မရှိရအောင် နည်းအမျိုးမျိုးနဲ့ ရှင်းပြီးသကာလ၊ ပါဠိတော်တွေအမျိုးမျိုး ပြပြီးသကာလ မောင်နိုင်, ဒါလာတာ ပဲ. . . (မှန်ပါ့) ကိုပေါ်ကျေနပ်ပလား . . . (ကျေနပ်ပါပြီ ဘုရား)။

ဘယ်အပေါ်မှာ ဒိဋ္ဌိအများဆုံးလဲ. . . (စိတ်ပေါ်မှာ ဒိဋ္ဌိ အများဆုံးပါဘုရား) ဒါဖြင့် သူ့အရင်ဖြုတ်ရမှာပဲ၊ သူမဖြုတ် ဘဲနဲ့ ဒီပြင်ဟာ လုပ်နေလို့ရှိရင်ဖြင့် ပါရမီသာဖြစ်၍ ဒီဘဝ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရမှာမဟုတ်ဘူး. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ပါရမီတော့ မဖြစ်ဘူးလို့ ဘုန်းကြီးပြောလို့ မဖြစ်ဘူး **ပါရမီတော့ဖြစ်ပါရဲ့** ဒီဘဝမဂ်ဉာဏ်ဖိုလ်ဉာဏ်ရတဲ့အလုပ်ထဲ မှာ သူဦးစီးပြီးလုပ်ပါလားလို့ မေးလို့ရှိရင် မလုပ်သေးဘူးလို့ ဖြေရမယ်. . . (မှန်ပါ့) မဖြေရပေဘူးလား. . . (ဖြေရပါ မယ်ဘုရား)။

## စိတ္တာနုပဿနာရှုစမ်းပါ

ဒါကြောင့် ဒကာဒကာမတွေကို စိတ္တာနုပဿနာရှုစမ်းပါမြင်စိတ်ကို မြင်စိတ်ရှုစမ်းပါ၊ ကြားစိတ်ဖြင့် ကြားစိတ်ရှုစမ်းပါဆိုတာ ကိုစောမောင်, နေ့တိုင်းလိုလို မသင်ဘူးလား (သင်ပါတယ်ဘုရား)။

ဒါဘယ့်နှယ်ကြောင့် သင်နေပါလိမ့်မတုံးဆိုတာ ကိုပေါ်တို့, မောင်နိုင်တို့ အထူးရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား) ဒိဋ္ဌိအများဆုံးမို့ ဒိဋ္ဌိခွာနေတာ. . . (မှန်ပါ)

ကိုစံလှ, ဘယ်လိုကြောင့်ပါလိမ့်. . . (ဒိဋ္ဌိအများဆုံးမို့ ဒိဋ္ဌိခွာနေတာပါ) ဒိဋ္ဌိအများဆုံးမို့ ဒိဋ္ဌိခွာနေတယ်ဆိုတာ လေးလေးစားစားမှတ်ပါ. . . (မှန်ပါ)။

ဝေဒနာရှုနေရင် တဏှာများတဲ့ပုဂ္ဂိုလ် ဝေဒနာပေးရမှာကိုး (မှန်ပါ) သဘောကျပလား. . . (ကျပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာဒကာမတို့ ဒိဋ္ဌိလည်း များတဲ့ပုဂ္ဂိုလ်, ဉာဏ်လည်း နုံမဲ့ပုဂ္ဂိုလ်ဆိုရင် စိတ်ပေါ်တာ အသိလွယ်ဆုံးပဲဆိုတာ သမ္မောအဋ္ဌကထာမှာ သေသေချာချာဖွင့်တဲ့အတွက် ဒကာဒကာမတို့ စိတ္တာနုပဿနာရှုပါလို့ သောတာပန်တည်ချင်ရင်ပြောတာပါ. . . (မှန်ပါ)။

နို့. . . သူရှုတော့ ဒို့ပြင်ဟာတွေရော မပျက်ဘူးလား ဆိုတော့ မောင်နိုင်တို့ သင်ထားတယ်၊ ကိုစောမောင်တို့ သင်ထားတယ်၊ ကျူစည်းပါကွာ၊ တစ်ခုလဲရင် အကုန်လဲတာ ပါပဲ (မှန်ပါ့) ကျူစည်းနှစ်ခု မှီပြီးထောင်ထားတော့ တစ်ခုဆွဲ လိုက်ရင် (အကုန်လဲပါတယ်ဘုရား)။

တစ်ခုလဲရင် ဟိုဘက်တစ်စည်းရော. . . (လဲပါ တယ်ဘုရား) ဒီမှာလည်း နာမ်လဲရင် ရုပ်လဲတယ်ပြောတာ ပဲ၊ စိတ်ဟာ နာမ်ပဲ. . . (မှန်ပါ့) ဒီတော့ ဒို့ပြင်ဟာ လိုက်ရှု နေစရာလိုသေးသလား. . . (မလိုပါဘုရား)။

## သမာဓိရှိပြီးရင်စိတ်ကိုရှုပါ

အဲဒီလိုလည်း အဆစ်အပိုင်းတွေနဲ့တကွ အလုံးစုံ အကုန်ရှင်းလင်းနေအောင် ပြောတဲ့အတွက် သမာဓိ ရှိပြီးတဲ့ အခါကျလို့ရှိရင် စိတ်ကို ရှုလိုက်. . . (မှန်ပါ့) မြင်စိတ်လာရင် မြင်စိတ် ဖြစ်ပျက်ရှုကြားစိတ်လာရင်. . . (ကြားစိတ် ဖြစ်ပျက် ရှုရပါမယ်ဘုရား) နံစိတ်လာရင်. . . (နံစိတ်ဖြစ်ပျက် ရှုရပါမယ်ဘုရား) စားစိတ်လာရင်. . . (စားစိတ် ဖြစ်ပျက် ရှုရပါမယ်ဘုရား) ကိုယ်ပေါ်မှာ ယားစိတ်၊ ယံစိတ် လာရင် . . . (ယားစိတ်၊ ယံစိတ်ဖြစ်ပျက် ရှုရပါမယ်ဘုရား) ကိုယ်ပေါ် မှာ ကောင်းစိတ်လာရင်. . . (ကောင်းစိတ်ဖြစ်ပျက် ရှုရပါ မယ်ဘုရား)။

ဝမ်းထဲမှာ ဝမ်းသာတဲ့စိတ်လာရင်. . . (ဝမ်းသာတဲ့စိတ် ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဝမ်းနည်းတဲ့စိတ်လာရင်. . . (ဝမ်းနည်းတဲ့စိတ် ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဥပေက္ခာထားချင်တဲ့စိတ်လာရင်(ဥပေက္ခာစိတ်ကို ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဥပေက္ခာထားတဲ့စိတ် ဖြစ်ပျက်ရှုချ. . . (မှန်ပါ့) ဘာမှမရှိရင် ဒကာဒကာမတို့ လေကိုထွက်အောင်လုပ်တဲ့စိတ်ကို ဖြစ်ပျက်ရှုပါ. . . (မှန်ပါ့) လေကိုပြန်ရှိုက်တဲ့စိတ်ကို ရှုပေး. . . (မှန်ပါ့)။

အဲ. . . သူတို့နှစ်ခုချည်း အမြဲရှု၊ ကျန်တာတွေ ကတော့ပေါ်တဲ့ဆီဖမ်းလိုက်. . . (မှန်ပါ့) အမြဲရှုရမှာကဖြင့် လေကိုထွက်အောင်အားထုတ်တဲ့စိတ် လေကိုပြန်ရှိုက်တဲ့စိတ် ဒီနှစ်ခုကိုအမြဲရှုပါ၊ သမာဓိတည်ပြီးရင်နော်. . . (မှန်ပါ့)။

ကျန်တဲ့ခုနင်က ပြင်ဘက်က စက္ခု, သောတ, ဃာန, ဇိဝှာ, သုခ သဟဂုတ် ကာယဝိညာဏ်စိတ်၊ ဒုက္ခ သဟဂုတ် ကာယဝိညာဏ်စိတ်၊ သောမနဿစိတ်၊ ဒေါမနဿစိတ်၊ ဥပေက္ခာစိတ်တွေကတော့ မရှိဘူးလား. . . (ရှိပါပြီဘုရား)။

အဲ. . . ရှိချင်ရှိပစေ သူတို့ကတော့ ကြိုကြိုကြားကြား မှပေါ်တယ်. . . (မှန်ပါ့) ရှင်းပလား. . (ရှင်းပါပြီဘုရား)။

## အပြင်ဧည့်သည်

ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ သင်ပေးလိုက်တယ်၊ ဒကာဒကာမတို့ ဟောဒီပြင်ဘက်က မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ဆင်းရဲတဲ့စိတ်၊ ချမ်းသာတဲ့စိတ် ဆိုတာ အပြင်ဧည့်သည်ခြောက်ယောက်လို့ ခဏခဏ မသင်ဘူးလား. . . (သင်ပါတယ်ဘုရား) အပြင်ဧည့်သည်လို့ ဆိုလိုက်တာက ကိုစောမောင်ရိပ်မိပြီ၊ အမြဲမရှိဘူး. . . (မှန်ပါ့)။

ဧည့်သည်ဆိုကတည်းက ဒကာဒကာမတွေ သူ့ကို အမြဲဆိုမလား၊ ဧည့်သည်ပဲဆိုမလား. . . (ဧည့်သည်ပါဘုရား) ကိုစံလှတို့ နည်းပေးနေတယ်. . . (မှန်ပါ့)

## အတွင်းဧည့်သည်

အတွင်းဧည့်သည်ကတော့ မများပါဘူးတဲ့ မောင်နိုင်ရာ. . . ဝမ်းသာတဲ့စိတ်၊ ဝမ်းမသာတဲ့စိတ်၊ ဝမ်းနည်းတဲ့စိတ် ပေါ့လေ သဘောကျပလား. . (ကျပါပြီဘုရား) ဥပေက္ခာထားတဲ့စိတ်အတွင်း ဧည့်သည်က ဘယ်နှစ်ယောက်ရှိသလဲ (သုံးယောက်ရှိပါတယ်ဘုရား)။ *

အပြင်ဧည့်သည်က ဘယ်နှစ်ယောက်ပါလိမ့်. . . (ခြောက်ယောက်ပါဘုရား) အတွင်းဧည့်သည်က

*ဝေဒနာနည်းနှင့်ဝေဖန်လျှင် အတွင်းဧည့်သည်သုံးသောက်

(သုံးယောက်ပါဘုရား) ဒါဖြင့် ညော့သည်ရှိရင် အိမ်သည်ရှိရလိမ့်မယ်. . . (မှန်ပါ့)။

ညော့သည်ရှိရင်. . . (အိမ်သည်ရှိရမှာပါဘုရား) စဉ်းစားကြည့်ပါ ခင်ဗျားတို့၊ ကျုပ်အိမ်သည်များလွန်းလို့ဆိုလို့ရှိရင် အိမ်သည်ကပြောတာ. . . (မှန်ပါ့)။

ကျုပ်အိမ်ဗျာ. . . လူကိုမပြတ်ဘူးဆိုတာ ဘယ်သူက ပြောတာတုံး. . . (အိမ်သည်ကပြောတာပါ) ညော့သည်ရှိတယ်ဆိုကတည်းက အိမ်သည်ဆိုတဲ့စကားဟာ ရှိပြီးသားဖြစ်ရမယ်. . . (မှန်ပါ့) မရှိပေဘူးလား. . . (ရှိပါတယ်ဘုရား)

## အိမ်သည်

အဲ. . . အိမ်သည်ကတော့ ခင်ဗျားတို့အမြဲတမ်းလေအပြင်ဘက်ထုတ်နေတဲ့စိတ်၊ လေကိုပြန်ရှိုက်တဲ့စိတ်၊ သူ့မရှိရင် သေသွားမယ် ကိုစောမောင်, ရ. . . (မှန်ပါ့)။

သူမရှိရင် ဘယ့်နှယ်ဆိုကြမလဲ. . . (သေသွားမှာပါဘုရား) အိမ်သည်စိတ်နှစ်ခုရှိတယ်၊ အဲဒါကို ခင်ဗျားတို့သမာဓိတည်ပြီးတဲ့ ပုဂ္ဂိုလ်မှန်ခဲ့သော် ဒီစိတ်တွေကို ပေါ်ရာလိုက်ရှု၊ ဘာမှမရှိရင် ဒီနှစ်ခုပဲရှု. . . (မှန်ပါ့)။

အိမ်သည်နှစ်ခုကို ဘာလုပ်နေရမလဲ. . . (အမြဲ ရှုနေရပါမယ်) လှည့်ရှုနေပါဆိုတာ သဘောကျပလား. . . (ကျပါပြီဘုရား) ဟိုဟာတွေကတော့ ညွှတ်သည်တွေဆိုတော့ ပေါ်ရင်သာရှု. . . (မှန်ပါ့) ကိုစောမောင် မပေါ်ရင်. . . (မရှုရပါဘုရား)။

ဒီဘက်က အပြင်ညွှတ်သည် ခြောက်ယောက်လည်း ပေါ်ရင် (ရှုရမှာပါဘုရား) ပေါ်တဲ့အခါ ဘယ်တော့မှ နှစ်ယောက်စုံမပေါ်ဘူး. . . (မှန်ပါ့)။

## ရှုရမှာကတစ်ခု

ကိုစံလှရေ ဘယ်လိုပေါ်မတုံး. . . (စုံပေါ်ပါဘုရား) တစ်ခုပဲပေါ်မယ်. . . (မှန်ပါ့) တစ်ခုပေါ်နေလို့ရှိရင် ဒကာ ဒကာမတွေက မှတ်လိုက်၊ အခု ဆယ့်တစ်ခုပြထားတယ်၊ တစ်ခုပေါ်နေလို့ရှိရင်ကျန်တဲ့ ဆယ်ခုဟာ လုံးဝကိုမရှိဘူး ခန္ဓာထဲမှာ. . . (မှန်ပါ့) ရှိပါ့မလား. . . (မရှိပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကောမမွှာပဲ လုပ်ပါတော့ဆိုပြီး ဒီကနေမဂ္ဂင်ငါးပါးနဲ့ ရှုလိုက်တဲ့အခါ တစ်ခုသာ ရှုပါတော့. . (မှန်ပါ့) အကုန်ရှုရမှာလား. . . (တစ်ခုပဲ ရှုရမှာပါဘုရား)။

## ရှုကောင်းတာက ဆယ့်တစ်

ရှုကောင်းတာ ပြတ္တာကဖြင့် အခုပြောတာ ဆယ့်တစ် ပြတယ် (မှန်ပ့ါ) ရှုရမှာကတော့ ပေါ်တဲ့တစ်ခုပဲရှု (မှန်ပ့ါ)။

ကိုစံလှရေ ရှုကောင်းတာကတော့. . (ဆယ့်တစ်ပါ) ရှုရမှာကတော့. . . (တစ်ခုပါဘုရား) ပေါ်ရာတစ်ခုကိုသာ ရှု ညှော့သည်ပေါ်ရင် ညှော့သည်ရှု၊ အတွင်းညှော့သည်ပေါ်ရင် (အတွင်းညှော့သည်ရှုရပါမယ်) အိမ်သည်ပေါ်ရင်. . . (အိမ်သည်ရှုရပါမယ်ဘုရား)။

ဒီအိမ်သည်ကား. . . လို့ဆိုရင် သူများထက် အကြိမ် များလို့သာ အိမ်သည်ခေါ်လိုက်ရပါတယ်၊ သူတို့လည်း ညှော့သည်ပါပဲ. . . (မှန်ပ့ါ) သူကသူများထက် အကြိမ်များ တယ်၊ ခန္ဓာထဲမှာစောင့်နေတာကိုးဗျ. . . (မှန်ပ့ါ)။

ခန္ဓာမှာသက်စောင့်ဆိုတော့ ကိုစောမောင် သူတို့က အကြိမ်မများပေဘူးလား. . . (များပါတယ်ဘုရား) ဒီဟာ တွေ အာဂန္တုညှော့သည်လို ဖြစ်လိုက်, ပျက်လိုက် နည်းပ့ါ မလား. . . (မနည်းပါဘုရား) အဲဒါကြောင့် စိတ္တာ နုပဿနာရှုနည်းမှာ ဒါဟာတန်းကုန်သွားပြီ. . . (မှန်ပ့ါ)။

## သမာဓိတည်ပြီးမှရှုပါ

ကဲ. . . နည်းရကြပလား. . . (ရပါပြီဘုရား) အပြင်ညှော့သည် (ခြောက်ယောက်ပါ) အတွင်းညှော့သည်. . . (သုံးယောက်ပါ) အိမ်သည်. . . (နှစ်ယောက်ပါဘုရား) အဲဒါတွေ လှည့်ရှုနေတဲ့ သမာဓိတည်ပြီးရင် ဒါတွေရှုပါ၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ရှုလိုက်တဲ့အခါကျတော့ ဒကာဒကာမတို့ ဩော် . . . ဘာတွေများ မြင်သတုံးလို့ပြောတော့ မနေ့က ဒကာဒကာမ တွေ တ ချို့လည်း လာကြတယ်၊ တ ချို့လည်း မိုးကြောင့် ·မလာနိုင်ဘူး၊ မလာနိုင်တော့ ဘုန်းကြီးကရှုတဲ့အခါမှာ မောင်နိုင်, မနေ့က သင်ပေးခဲ့တယ်နော်. . . (မှန်ပါ့)။

## သတ္တဝါမဟုတ်အသက်မဟုတ်

နိဿတ္တ နိဇ္ဇီဝသဘာဝ ,လို့ မပါခဲ့ဘူးလား. . . (ပါ. ပါတယ်ဘုရား) ဒါကလေးဟာ သတ္တဝါရော ဟုတ်ရဲ့လား. . (မဟုတ်ပါဘုရား) အသက်ရော. . . (မဟုတ်ပါဘုရား) သဘောကလေးပဲ၊ သဘာဝကလေးဆိုထားတယ် . . . (မှန်ပါ့)။

နိဿတ္တ = သတ္တဝါရော ဟုတ်ရဲ့လား. . . (မဟုတ်ပါဘုရား) နိဇ္ဇီဝတဲ့ = အသက်ရော. . . (မဟုတ်ပါဘုရား) ဘယ်လိုဆိုလိုပါလိမ့်မလဲ. . . (သဘောကလေး ဆိုပါတယ်ဘုရား)။

## သဘောကလေးပေါ်ပြီးပျက်တာ

ဒါဖြင့် **ခန္ဓာကိုယ်ထဲမှာ ခင်ဗျားတို့ အတုံးကလေး ကျေသွားသလို ပျက်တာတော့မမြင်ဘူး. . . တဲ့၊ သဘော ပေါ်၍ သဘောပျက်တာပဲမြင်မယ် . . .** (မှန်ပါ့) ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဘယ်လိုမြင်ကြမှာတုံး . . . (သဘောပေါ်၍ သဘောပျက်တာပဲ မြင်ကြမှာပါဘုရား) သဘောကလေး ပေါ်လာပြီး သဘောကလေး ရုတ်သိမ်းသွားမှာပဲ. . . (မှန်ပါ့)။

အဲဒါကို ဒီကနေ လိုက်နေလို့ရှိရင်ဖြင့် ဒကာ၊ဒကာမ တွေက အပါကင်္ဂဖြစ်တဲ့သူများ မတိုးနိုင်တာကို ထိုးသွင်းပြီး မြင်တဲ့ ဟိုမှာမွေးသေကိုသွားမြင်ပြီး၊ ကိုစောမောင်. . . (မှန်ပါ့ဘုရား)၊ ဒုက္ခသစ္စာ သွားမမြင်သေးဘူးလား. . . (မြင်ပါပြီဘုရား)။

ဒါဖြင့် ကျန်းမာတုန်း ကြည့်လို့မြင်တာနော်. . . (မှန်ပါ့)၊ ခုနင်က ဆေးချိန်နဲ့ဝါးချိန်နဲ့ အနှိပ်သည်အချိန်နဲ့ ဟိုကနာ, ဒီကအောင့်နဲ့ နေတုန်းမှာ ဒါမမြင်ဘူး (မှန်ပါ့)။ မြင်ပါ့မလား. . . (မမြင်ပါဘုရား)။

## ဘယ်အချိန် ဝိပဿနာရှုရမှာတုံး

ဒါဖြင့် ကိုစံလှ ဘယ်အချိန် ဝိပဿနာရှုရမှာတုံး. . (ကျန်းမာတုန်း ဝိပဿနာရှုရမှာပါ)၊ မကျန်းမာတဲ့အချိန်မှာ မြင်ရတဲ့ဒုက္ခက ဘာဒုက္ခတဲ့တုံး (ပါကဋဒုက္ခပါ)၊ ကျန်းမာပြီး ဉာဏ်ထက်မြက်တဲ့အချိန်ကြည့်ရမယ် ဒုက္ခကတော့ ဘာဒုက္ခ တဲ့တုံး. . . (အပါကဋဒုက္ခပါဘုရား)။

ဒါ့ကြောင့် ပါကဋဒုက္ခကို မြင်လို့ရှိရင် သံဝေဂဉာဏ် (မှန်ပါ့)၊ အပါကဋဆိုတဲ့ ခဲခဲယဉ်းယဉ်း ဆရာနည်းကောင်းလို့ မြင်ရတဲ့ဥစ္စာမျိုးမှသာလျှင် မဂ်ဉာဏ်ဖြစ်တယ်. . . (မှန်ပါ့)၊ အများကြီးခြားနားသွားတယ်. . . (မှန်ပါ့)။

ဒကာ,ဒကာမတွေ အများကြီးမခြားနားဘူးလား. . (ခြားနားပါတယ်ဘုရား)။

အဲဒီတော့ ဒီလို ဇစ်ဇစ်မြစ်မြစ် ဒကာ,ဒကာမတွေကို အခြေအမြစ်နဲ့တကွ ပြောမှသာလျှင် ဩော်. . . ဒုက္ခတိုင်း လည်း မဂ်မဆိုက်ပါလား. . . (မှန်ပါ့)။

ဘယ်လိုဆိုကြမယ်. . . (ဒုက္ခတိုင်းလည်း မဂ်မဆိုက် ပါဘုရား)၊ ဘယ်ဒုက္ခမှ မဂ်ဆိုက်သလဲလို့ ကိုစောမောင် ရှင်းရှင်းလင်းလင်း ပြောစမ်းပါ (အပါကဋ္ဌဒုက္ခမှပါဘုရား)။

အပါကဋ္ဌဒုက္ခက ကျန်းမာတဲ့အချိန် ပေါ်လာတာ နော်. . . (မှန်ပါ့)၊ မကျန်းမာတဲ့အချိန်ပေါ်တဲ့ဒုက္ခကတော့ လူတိုင်းသိတဲ့ဒုက္ခ. . . (မှန်ပါ့)။

ခင်ဗျား, ဘယ့်နှယ်နေသတုံး မေးနိုင်တာချည်းပဲ (မှန်ပါ့)၊ မမေးနိုင်ဘူးလား. . . (မေးနိုင်ပါတယ်)၊ မျက်လုံး ကလေးမှေးနေတယ်၊ ခေါင်းကလေးစောင်းနေတယ်ဆိုရင် ဩော်. . . ခင်ဗျားဘယ့်နှယ်နေသလဲ ဆိုကတည်းက ခေါင်း ကိုက်တာ ဘယ့်နှယ်နေသတုံးဆိုတာ ကောက်မေးတာ. . . (မှန်ပါ့)။

ဒါကတော့ လူတိုင်းသိတဲ့ဒုက္ခ. . . တဲ့၊ ဒကာ ဒကာမတို့. . . ဉာဏ်နဲ့သိတဲ့ဒုက္ခ မဟုတ်ဘူး, တဲ့. . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဘယ်လိုဒုက္ခမှ မဂ်ဖိုလ်ဆိုက်မလဲ

ဒါဖြင့် ဒကာ,ဒကာမတို့ ဘယ်ဒုက္ခမှ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဆိုက်ပါ့မလဲ. . . (အပါကဋ္ဌဒုက္ခမှ မဂ်ဉာဏ်,

ဖိုလ်ဉာဏ်ဆိုက်ပါမယ်ဘုရား) သဘောပါသလား. . . (ပါ, ပါပြီဘုရား)။

အပါကာဠဒုက္ခဆိုတာလည်း အထည်လား . . . တဲ့၊ သဘောဖြစ်၍ သဘောပျက်တာလား. . . (သဘောဖြစ်၍ သဘောပျက်ပါဘုရား)။

အဲ. . . ဒီဉစ္စာကို ခန္ဓာကိုယ်ထဲမှာ လိုက်နေပါတဲ့၊ ဘယ်နှယ့်ကြောင့် ဆရာဘုန်းကြီး ဒါလောက်တောင်အသေး စိပ်ပြောနေပါလိမ့်မတုံးဆိုတော့ မနေ့ကပြောခဲ့တဲ့ ဓမ္မသင်္ဂဏီ ပါဠိတော်မှာ ဘုရားက နိဿတ္တ နိဇ္ဇီဝ သဘာဝ တဲ့. (မှန်ပါ့)။

ဒါတွေလည်းပေါ်ရင် ဘယ့်နှယ့်ဆိုကြမလဲ. . (နိဿတ္တနိဇ္ဇီဝသဘာဝ ပါဘုရား)၊ သတ္တဝါလည်းမဟုတ်ဘူး ကွ. . . တဲ့၊ အသက်လည်းမဟုတ်ဘူး. . . တဲ့၊ သဘောကျ ပလား. . . (ကျပါပြီဘုရား)။

သဘောကလေးပဲရှိတယ်လို့ ပြောနေတာ. (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## သုညတ တရားဆိုတာ

အဲဒီတော့ ဒီသဘောကလေးကို သိလိုက်တဲ့အခါ သဘောကလေးဖြစ်ပြီး သဘောကလေး ပျက်တဲ့အခါကျ တော့ သုညတဆိုက်တယ်ကွာ,တဲ့. . . (မှန်ပါ့)၊ သုညတဆို

တာ ငါ, ငါ့ဥစ္စာမဟုတ်တော့ဘူး. . . (မှန်ပါ့)။

ကိုစောမောင်, သုညတဆိုတာ ဘာပါလိမ့်. . . (ငါ, ငါ့ဥစ္စာမဟုတ်တော့ပါဘုရား)၊ ငါ, ငါ့ဥစ္စာဆိုတာက ဒိဋ္ဌိ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။

အဲဒီ ဒိဋ္ဌိပြုတ်မသွားဘူးလား. . . (ပြုတ်သွားပါတယ် ဘုရား)၊ ဒိဋ္ဌိပြုတ်သွားရင် ပထမ မဂ် မရဘူးလား. . . (ရပါ တယ်ဘုရား)၊ အဲဒါကြောင့် ဒါလောက်ပြောနေတယ်. . . တဲ့၊ အဓိပ္ပာယ်ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

သေသေချာချာ ဒကာ,ဒကာမတို့ နားကြီးကြီးနဲ့ ဂရု စိုက်ပြီးတော့မှတ်မှ သြော်. . . တယ် အရေးကြီးပါကလား၊ ဒီဥစ္စာ ဝိပဿနာမှ အစစ်ဆုံးပါလားဆိုတဲ့ဥစ္စာ ကိုစောမောင်, ပေါ်လာတယ်. . . (ပေါ်ပါတယ်ဘုရား)။

သေသေချာချာ ဉာဏ်နားနဲ့ ထောင်ကြည့်တော့မှ ဒကာ,ဒကာမတို့ နိဿတ္တ နိဇ္ဇီဝ သဘာဝ မှ မရောက်သေး လို့ရှိရင်ဖြင့် သတ္တဇီဝဖြစ်နေဦးမယ်. . . (မှန်ပါ့)၊ မဖြစ်ပေဘူး လား. . . (ဖြစ်ပါတယ်ဘုရား)။

သတ္တဖြစ်လို့ရှိရင်လည်း သတ္တဝါဖြစ်မယ်၊ သတ္တဆို တာ သတ္တဝါဆိုတယ်၊ ဇီဝဆိုတာက အသက်ကိုဆိုတာ အသက်လို့ ထင်နေတာကိုဆိုတာ. . . (မှန်ပါ့)၊ အဲဒီတော့ မောင်နိုင် သဘောရောက်ပါဦးမလား. . . (မရောက်ပါ ဘုရား)။

သဘောမှမရောက်ခဲ့သည်ရှိသော် ဒကာ,ဒကာမတို့ ပရမတ်ဆိုတာ သဘောမျှသာရှိတာ. . . (မှန်ပါ့)၊ သဘော ကျပြလား (ကျပါပြီ)၊ အဲဒီတော့ သူ ပရမတ်ကို တွေ့သေးရဲ့လား . . . (မတွေ့ပါဘုရား)၊ မတွေ့ရင် သူ ပညတ်တွေ့နေမှာပဲ ပညတ်တွေ့နေသေးတော့ဖြင့် နိဗ္ဗာန်မရောက်ပါဘူး. . . (မှန်ပါ့ ဘုရား)။

ကိုစောမောင် ဘယ်လို ဆိုမလဲ. . . (ပညတ်တွေ့နေရင် နိဗ္ဗာန်မရောက်ပါဘုရား)၊ ပရမတ်တွေ့နေရင်တော့ဖြင့်. . . (နိဗ္ဗာန်ရောက်ပါတယ်)၊ ဒါဖြင့် ပရမတ်ဆိုတာ ပရမတ္ထသဘာဝေါလို့ မဆိုဘူးလား. . . (ဆိုပါတယ်)၊ သဘောချည်းပြောနေတာ၊ ပရမတ္ထသဘာဝေါဆိုကတည်းက ကိုစံလှ, ရိပ်မိရောပေါ့. . . (ရိပ်မိပါပြီ)၊ အတည်ပြောသလား, သဘောပြောသလား. . . (သဘောပြောပါတယ်ဘုရား)။

## ဝိပဿနာရှုတဲ့အခါ

အဲဒါကြောင့် ဝိပဿနာရှုတဲ့အခါကျတော့ သဘောကလေးတွေဖြစ်ပြီး သဘောကလေးတွေ ပျက်တာကို မြင်ရင် ပြီးတာပဲ. . . (မှန်ပါ့)၊ သဘောကျပလား. . (ကျပါပြီဘုရား)။

သဘောကလေးတွေဖြစ်၍. . . (သဘောကလေးတွေ ပျက်တာမြင်ရင် ပြီးတာပဲ)၊ အဲဒီလိုမြင်လိုက်တဲ့အခါ

သဘောဖြစ်၍ သဘောပျက်တယ်ဆိုကတည်းက ပုဂ္ဂိုလ်စင် သွားပြီ၊ သတ္တဝါရော. . . (စင်သွားပြီ)၊ အသက်ရော. . . (စင်သွားပါပြီ)၊ ရှိကို, မရှိဘူး ပါရဲ့လား, အသက်လို့. . . (မပါ,ပါ)၊ မပါတော့ ဒိဋ္ဌိကွာတယ်၊ ကိုစောမောင် (မှန်ပါ့ ဘုရား)၊

ဒီအမြင်ဟာ ဘာအမြင်ပါလိမ့် (ဒိဋ္ဌိကွာတဲ့အမြင်ပါ)၊ ဒိဋ္ဌိကွာတဲ့အမြင်ဆိုတော့ သူသည် မဂ်အမြင်. . . (မှန်ပါ့)၊ ကိုစံလှ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

## ဒိဋ္ဌိကွာရင် သောတာပန်တည်

ဒီအမြင်ဟာ ဘာအမြင်ပါလိမ့်. . . (မဂ်အမြင်ပါ ဘုရား)၊ ဘာကွာပြီးမြင်တဲ့အမြင်ပါလိမ့်. . . (ဒိဋ္ဌိကွာပြီး မြင် တဲ့အမြင်ပါ)၊ ဒါဖြင့် သောတာပန်တည်ရမယ်. . . (မှန်ပါ)၊ သဘောကျပလား (ကျပါပြီ)၊ ဒီအတိုင်းသာလိုက်သွားရင် သောတာပန်စခန်း မရောက်မှဲဘူးလား. . . (ရောက်ပါ တယ်ဘုရား)။

## သစ္စာတရားနာပါ

ဒါဖြင့် သောတာပန်တည်ချင်လို့ရှိရင် ကလျာဏမိတ္တ ပေါင်းမှ ရမယ်. . . (မှန်ပါ့)၊ ကလျာဏမိတ္တပေါင်းပြီး တရား

နာရလိမ့်မယ်. . . (မှန်ပါ့)၊ ဒီပြင် တရားလည်း နာလို့မရဘူး တဲ့၊ သစ္စာတရားနာနိုင်မှ. . . (မှန်ပါ့ဘုရား)။

ဒီပြင် ဒါနတရား၊ သီလတရားနဲ့ တိုက်ရိုက်မရနိုင်သေးဘူး (မှန်ပါ့)၊ ရနိုင်ပါ့မလား. . . (မရနိုင်ပါ)၊ သစ္စာဆိုက်ဦးမှကိုး. . . (မှန်ပါ)၊ ကဲ. . . မောင်နိုင်, သဘောပါပလား . . . (ပါ,ပါပြီဘုရား)။

## သူ့ရဲ့သဘောကလေးရှုရမှာ

ကောင်းပြီ ဒါဖြင့် မင်းတို့ ဘာတွေများ ရှုကြမှာတုံး လို့ဆိုလို့ရှိရင် မြင်စိတ်လို့သာ ဆိုရတယ်၊ သူ့သဘောကလေး ရှုရမှာ. . . (မှန်ပါ့)၊ ကြားစိတ်လို့သာဆိုတယ်. . . (သူ့သဘောကလေးရှုရမှာပါဘုရား)။

သဘောကလေးပဲ ရှုရမယ်တဲ့၊ ဒါကလေးဟာ ဒီနေရာမှာ ခုနင်ကရှိသလိုလိုနဲ့ ပေါ်သလိုလိုနဲ့ ယခုမရှိဘူး ဆိုတော့ ဒီနေရာသာပြောလိုက်ရတယ်၊ သူတော့ မြင်တာ မဟုတ်ပါဘူးတဲ့၊ ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါကျတော့မှ ဩော်. . . ဒီနေရာမှာ ခုနင်ကယားသယောင်ယောင်နဲ့ အခုအယားလည်းမရှိတော့ဘူး (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ယားတာကလေးရော ခင်ဗျားတို့ မြင်ကြရရဲ့လား. . (မမြင်ကြပါဘုရား)၊ ဉာဏ်နဲ့ကြည့်လိုက်တော့. . . (မြင်ပါတယ်ဘုရား)၊ ယားတာကလေး မရှိတာလည်း ဉာဏ်နဲ့ကြည့်လိုက်တော့. . . (မြင်ရပါတယ်ဘုရား)။

ခင်ဗျားတို့က သိတာက နဂိုက အနာတလေးပေါက်နေတယ်၊ အခု အမာရွတ်ကျန်မှ အနာပျောက်ပြီတဲ့၊ ဒီလိုပြောချင်ပြောမယ်. . . (မှန်ပါ့)၊ ခင်ဗျားတို့သိတာက အနာပေါက်တာရယ်၊ အနာပေါက်လို့ သွေးရဲရဲသံရဲရဲဖြစ်တာရယ်၊ ချပ်သွားတာရယ် ဒါပဲသိတယ်. . . (မှန်ပါ့)၊ အဲဒါ အထည်တွေ နိဿတ္တ နိဇ္ဇီဝ သဘာဝဖြစ်ပါ့မလား. . . (မဖြစ်ပါ)၊ ကျေနပ်ကြပလား. . . (ကျေနပ်ပါပြီဘုရား)။

## ဘာကိုရှုရမှာတုံး

ဒါဖြင့် ဘာရှုရမှာတုံးဆိုတော့ **သဘောကိုရှု** . . (မှန်ပါ့)၊ သဘောပါကြပလား. . . (ပါ,ပါပြီ)၊ ဘာရှုရမှာတုံး . . . (သဘောကိုရှုရပါမယ်)၊ နိဿတ္တ နိဇ္ဇီဝ **သတ္တဇီဝကင်းပြီးသဘောကြည့်ရမှာ** . . . (မှန်ပါ့)၊ သဘောပါကြပလား (ပါ, ပါပြီဘုရား)။

သတ္တဝါဟူသောအမည်လည်း ဖျောက်ရလိမ့်မယ် . . . (မှန်ပါ့)၊ သတ္တဝါလို့မြင်နေတာလည်း. . . (ဖျောက်ရ

မှာပါပဲ)၊ အသက်ရယ်လို့ထင်နေတာရော. . . (ဖျောက်ရမှာပါ)၊ သူ ဝေဒနာနဲ့အသက်ရှင်နေတယ်လို့ ကိုစောမောင်က ပြောချင်ပြောဦးမှာ. . . (မှန်ပါ့ဘုရား)။

သူ ဒီစိတ်ကလေးနဲ့ အသက်ရှင်နေတယ်လို့ ပြောချင်ပြောဦးမှာ. . . (မှန်ပါ့)၊ စိတ်ကလေးကို အသက်လုပ်ချင်လုပ်ပစ်လိုက်ကြဦးမှာ၊ ခင်ဗျားတို့က. . . (မှန်ပါ့)၊ မလုပ်ပေဘူးလားဟေ့. . . (လုပ်ပါတယ်ဘုရား)။

အဲဒါကြောင့် နိဿတ္တ သတ္တဝါလည်းမဟုတ်မှ နိဇ္ဇီဝသူ့ကိုလည်းအသက်ကလေးရယ်လို့ မထင်ဘဲနဲ့ သဘောကလေးမျှသာ ထင်လို့ရှိရင်ဖြင့် ဒိဋ္ဌိပြုတ်ပြီ. . . (မှန်ပါ့)၊ လွယ်လိုက်တာ ဒကာ,ဒကာမတို့ သဘောကျပလား. . . (ကျပါပြီ)၊ ဒိဋ္ဌိ ပြုတ်ဖို့ရာ မလွယ်ဘူးလား. . . (လွယ်ပါတယ်ဘုရား)။

## ပထမမဂ်ရဖို့ရှေ့ပြေးဝိပဿနာ

ဒါဖြင့် ဒိဋ္ဌိပြုတ်တဲ့ မဂ်သည် ဒကာ,ဒကာမတွေ ပထမမဂ်ရဖို့၏ ရှေ့ပြေးသေချာတယ်၊ ဒီဝိပဿနာဟာလေ . . . (မှန်ပါ) ပထမမဂ်ရဖို့ ရှေ့ပြေးမသေချာဘူးလား. . . (သေချာပါတယ်)၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒါဟာ မောင်နိုင် ဒိဋ္ဌိခွာထားပြီး သားဆိုတာရော ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ ဒါဖြင့် ဒကာ, ဒကာမတို့သဘောမြင်ရင် ဒိဋ္ဌိကွာပေ့ါ. . . (မှန်ပါ့)၊ ဒကာ, ဒကာမတို့ ဘယ့်နှယ်ဆိုကြမလဲ. . . (သဘောမြင်ရင် ဒိဋ္ဌိ ကွာပါတယ်ဘုရား)။

အဲ. . . **အဖြစ်သဘော, အပျက်သဘောကလေး** မြင်လိုက်လို့ရှိရင် ကိုစောမောင် ဘာကွာသတုံး. . . (ဒိဋ္ဌိကွာ ပါတယ်ဘုရား)၊ ဘယ်သူကပြောသတုံးဆိုတော့ နိဿတ္တ နိဇ္ဇီဝ = သတ္တဝါမဟုတ်၊ ဇီဝမဟုတ်ပါဘူး. . . တဲ့၊ သဘာဝ ဖြစ်ပါပြီ. . . တဲ့၊ ဓမ္မသင်္ဂဏီ, က ပြောတယ်. . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

သတ္တရော ဟုတ်ရဲ့လား. . . (မဟုတ်ပါဘုရား)၊ ဇီဝ ရော. . . (မဟုတ်ပါဘုရား)၊ အဲ. . . သတ္တ ဇီဝ မဟုတ်တဲ့၊ ဘာကလေးတွေ့ပါလိမ့်. . . (သဘောကလေးတွေ့ပါတယ် ဘုရား)။

ဒါကလေးဟာ သတ္တဝါလည်းမဟုတ်ဘူး၊ အသက် လည်း မဟုတ်ဘူး၊ သဘောသက်သက်ပဲလို့ ခင်ဗျားတို့ ဉာဏ်ထဲမှာ ရှင်းသွားလိမ့်မယ်. . . (မှန်ပါ့)၊ မရှင်းပေဘူးလား . . . (ရှင်းပါတယ်ဘုရား)။

အဲဒီကဲ့သို့ ရှင်းသွားလို့ရှိရင်ဖြင့် သဘောကလေးဖြစ်ပြီး သဘောကလေးပျက်တာကို မောင်နိုင်တို့ကြည့်လိုက်ပြီ၊ ကိုဇောမောင်တို့ ကိုစံလှတို့က ကြည့်လိုက်ပြီဆိုတော့ ဩော်. . . ဒီဥစ္စာ ဒိဋ္ဌိကို ပါကို မပါတော့ဘူး. . . (မှန်ပါ)၊ ပါသေးရဲ့လား. . . (မပါ,ပါဘုရား)။

ဒါဖြင့် ဒိဋ္ဌိမပါတဲ့အမြင်လို့ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)၊ ဒါဖြင့် ဒိဋ္ဌိမပါတဲ့ အမြင်ဆိုတော့ ဒိဋ္ဌိသတ်တဲ့အမြင် (မှန်ပါ့)၊ ဒါဖြင့် မဂ်ပဲ၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါကြောင့် ကျန်းမာတုန်း ရှုပြောတာ ကိုစံလှ ရိပ်မိပလား. . . . (ရိပ်မိပါပြီဘုရား) ကိုပေါ် ရိပ်မိပြီ. . . (ရိပ်မိပါပြီဘုရား)၊ မကျန်းမာတုန်း မြင်တာတွေကတော့ မောင်နိုင်ဘာဆိုမတုံး၊ သံဝေဂသာ သူဆိုနေတာပဲ၊ မဂ်ဉာဏ်မှ မဟုတ်ဘဲ သံဝေဂဉာဏ်သာဖြစ်တယ်၊ မဂ်ဉာဏ်မဖြစ်ဘူးတဲ့. . . (မှန်ပါ့)။

ယခုတော့ဖြင့် သေချာပလား. . . (သေချာပါပြီဘုရား)၊ ဒီနေ့ဟောနေတာ ဘာဉာဏ်ဟောနေပါလိမ့်. . . (မဂ်ဉာဏ်ဟောနေပါတယ်ဘုရား)၊ မဂ်ဉာဏ် ဘာမြင်မှပါလိမ့်. . . (သဘောမြင်မှပါဘုရား)။

## သဘောကလေးဖြစ်၍ ပျက်တာမြင်ရတယ်

သဘောကလေးကိုမြင်တယ်။ သဘောကလေးဖြစ်၍ သဘောကလေးပျောက်တာကို မြင်ရမယ်. . . (မှန်ပါ)၊ သဘောကျပလား (ကျပါပြီဘုရား)။

သဘောကလေးဖြစ်၍. . . (သဘောကလေး ပျောက်တာကို မြင်ရပါမယ်ဘုရား)၊ ခင်ဗျားတို့ ကြည့်ပါ၊ ပြောတာကတော့ မဖျောက်နဲ့ ဒီနေရာတွင် ယားတာကလေးပါပြီး ဒီနေရာတွင် ပျောက်တာပဲ. . . (မှန်ပါ)။

အထည်ကလေးပျောက်တာလား၊ သဘောကလေး ပေါ်ပြီး၊ သဘောကလေးပျောက်တာလား. . . (သဘောကလေး ပေါ်ပြီး သဘောကလေး ပျောက်တာပါဘုရား)။

ဩော်. . . ဒါဖြင့် သတ္တဝါမဟုတ်၊ အသက်မဟုတ်၊ သဘောကလေးဖြစ်၍သဘောကလေးပျက်ပါကလား. . . လို့ ဉာဏ်ထဲ မထင်လာပေဘူးလား. . (ထင်လာပါတယ်ဘုရား)၊ ဒါဖြင့် ဒိဋ္ဌိသတ်ပြီးမြင်တဲ့ ဉာဏ်အမြင် . . . (မှန်ပါ) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဒိဋ္ဌိသတ်ပြီးတဲ့ဉာဏ်အမြင်

ဘာသတ်ပြီး မြင်တဲ့ ဉာဏ်အမြင်ပါလိမ့်. . . (ဒိဋ္ဌိ သတ်ပြီးမြင်တဲ့ဉာဏ်အမြင်ပါ)၊ သဘောဖြစ်၍ သဘောချုပ်

တာပဲ၊ သဘောကလေးဖြစ်၍သဘောချုပ်တာပဲဆိုတော့ မောင်နိုင် နှယ်. . . ခုနင်က မျက်လုံးပျက်တယ်လို့တောင် မလာတော့ဘူး. . (မှန်ပါ့)၊ နားပျက်တာလို့ရော. . . (မလာပါဘုရား)။

ချုံးမဖြစ်လို့သာ ပြောရတယ်၊ မြင်စေချင်တာက **သဘောဖြစ်, သဘောပျက်ကိုမြင်စေချင်တယ်** . . . (မှန်ပါ့)၊ နာမည်မတပ်ရင် ဘယ်သူမှ အထည်မကောက်တတ်မှာစိုးလို့ ကိုစံလှ, နာမည်တပ်နေရတာ. . . (မှန်ပါ့)။

စင်စစ်. . . ခင်ဗျားတို့ မြင်စေချင်တဲ့သဘောက တော့ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)၊ ဘယ်လိုမြင်စေ ချင်ပါလိမ့် (သဘောဖြစ်, သဘောပျက်ပါဘုရား)။

ပုဂ္ဂိုလ်သတ္တဝါဟူသော အမည် လုံးဝမရှိဘဲနဲ့ သဘောကလေးမျှဖြစ်ပြီး သဘောကလေးမျှ ပျက်တာကို မြင်စေချင်တာ အမှန်ပါပဲ. . . (မှန်ပါ့)၊ သဘောကျပလား. . (ကျပါပြီဘုရား)။

ဦးဘကလေး နေရာကျပြီနော်. . . (ကျပါပြီဘုရား)၊ ကောင်းပြီ ဒီလိုမြင်တော့ ဒီအမြင်သည် မောင်နိုင်, ဒိဋ္ဌိရော သေးရဲ့လား. . . (မရောပါဘုရား)၊ ဒိဋ္ဌိ, မရောတော့ ဒိဋ္ဌိ, မရောတဲ့အမြင်ဆိုတော့ ဒိဋ္ဌိ, မရောတဲ့မဂ်လို့ မဆိုနိုင်ဘူး လား. . . (ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် သူ့အတိုင်းသာ ဆက်လိုက်သွား၊ မလိုက်သင့်ဘူးလား. . . (လိုက်သင့်ပါတယ်ဘုရား)၊ သူ့အတိုင်း ဆက်လိုက်သွားတဲ့အခါ သဘောကလေးဖြစ်, သဘောကလေးပျက်၊ ဒီသဘောကလေးတွေချည်းဖြစ်တာကို ခုနင်က ဉာဏ်စဉ်အတိုင်း မုန်းချင်လည်းမုန်းလာမှာပဲ. . . (မှန်ပါ)၊ မမုန်းပေဘူးလား. . . (မုန်းပါတယ်ဘုရား)။

**ခန္ဓာဒုက္ခဆိုတာ**

ဒီဉစ္စာသည် သဘောဖြစ်, သဘောပျက်တွေပဲ၊ ဒီတရားသည်ကား. . . လို့ဆိုရင် ခန္ဓာထဲမှာရှိတဲ့ ဒုက္ခဆိုတာ ဒါပဲ၊ ခန္ဓာဒုက္ခဆိုတာ ဒါပဲ၊ မလာပေဘူးလား. . . (လာပါတယ်ဘုရား)။

ဒါ ခန္ဓာပဲမဟုတ်ဘူးလား. . (မှန်ပါ)၊ ဒါ ဝိညာဏက္ခန္ဓာပေါ့ စိတ်ပဲ. . . (မှန်ပါ)၊ ဒါ ခန္ဓာဒုက္ခဆိုတာ မပေါ်လာသေးဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

ဒီသဘောဖြစ်, သဘောပျက်ကလေးဟာ ဘာပါလိမ့် ဒကာ,ဒကာမတို့. . . (ခန္ဓာဒုက္ခပါဘုရား)၊ ခန္ဓာဒုက္ခဆိုတော့ ဒကာ,ဒကာမတွေ ခန္ဓာထဲမှာ သဘောဖြစ်, သဘောပျက်သာ ရှိတော့ ဘာသစ္စာသာရှိတော့သလဲ. . . (ဒုက္ခသစ္စာသာရှိပါတယ်ဘုရား)။

ဒုက္ခသစ္စာသာရှိတော့တယ်ဆိုပြီး အမှန်ဆုံးဖြတ်ချက် ချလိုက်လို့ရှိရင် ခုနင်က ဒုက္ခသစ္စာက ချုပ်တယ်. . . (မှန်ပါ့)၊ အမှန်ဆုံးဖြတ်ချက်ချလိုက်တာ မဂ်လာဖြစ်တယ်၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## သောတာပတ္တိမဂ်ဉာဏ်အစစ်

ဇကန် ဒုက္ခသစ္စာပဲလို့ ဆုံးဖြတ်ချက် ချလိုက်လို့ရှိရင် အရှုခံတဲ့ဒုက္ခသစ္စာ၊ သဘောဖြစ်, သဘောပျက်က မလာတော့ဘူး. . . (မှန်ပါ့)၊ လာသေးရဲ့လား. . . (မလာပါဘုရား) ဒီဉာဏ်ကလည်း သောတာပတ္တိမဂ်ဉာဏ်အစစ် မဖြစ်ပေဘူးလား . . . (ဖြစ်ပါတယ်ဘုရား)။

အဲဒီတွင် ဒကာ,ဒကာမတို့ ဝမ်းထဲမှာ ကိန်းနေတဲ့ အနုသယသဘောနဲ့ အကြောင်းတိုက်ဆိုင်မှ ကြောင်လက်သည်းပျောက်, ကြွက်မြင်မှ လက်သည်းထွက်မလို့ အောင့်နေတဲ့လက်သည်းကလေးဆိုတဲ့ ဒိဋ္ဌိဟာ ဝမ်းထဲမှာရှိတယ်. . . (မှန်ပါ့ဘုရား)၊ အဲဒါပျောက်ထွက်သွားတယ်. . . (မှန်ပါ့)။

သဘောဖြစ်, သဘောပျက်ဟာ ဇကန် ဒုက္ခသစ္စာပဲ . . . လို့ ဇကန်ဆုံးဖြတ်ချက်ချပါရော၊ ကြောင်လက်မှာ ဝှက်ထားတဲ့လက်သည်းဟာ ကြွက်မြင်လို့ထွက်တဲ့ဉစ္စာ သူ့နဂိုရှိနှင့်တယ်ဆိုတာ မသေချာဘူးလား. . (သေချာပါတယ်ဘုရား)။

## ဒိဋ္ဌိဝိစိကိစ္ဆာပြုတ်တယ်

အဲဒီလိုရှိနှင့်ပြီး အောင်းနေတဲ့ ဒိဋ္ဌိအနုသယနဲ့ ဝိစိကိစ္ဆာအနုသယ ပြုတ်ထွက်သွားတယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

အဲဒီနှစ်ခုပြုတ်ထွက်သွားတော့မှ ဟို အပါယ်လေးပါး က သူတို့ကြောင့် ကျရတာကိုး. . . (မှန်ပါ့)၊ ဒိဋ္ဌိကြောင့် ကျရတာလို့ နေ့တိုင်းမပြောဘူးလား. . (ပြောပါတယ်ဘုရား)။

အဲဒါ သဘောဖြစ်, သဘောပျက်ကို ဒုက္ခအစစ်ရယ်လို့လည်း ဆုံးဖြတ်ချက် ချလိုက်ပါရော၊ အပါကဋ္ဌဒုက္ခကို ဆုံးဖြတ်ချက် ချတယ်. . . (မှန်ပါ့)၊ ပါကဋ္ဌချတာ ဟုတ်ရဲ့လား . . . (မဟုတ်ပါဘုရား)၊ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒါမှသာလျှင် ခန္ဓာနာမ်ရုပ်အစစ်ပဲဆိုတာကိုစောမောင်, လေးလေးနက်နက် သဘောကျပလား. . . (ကျပါပြီဘုရား)။

## အပါယ်တံခါး ပိတ်တယ်

ဒါဖြင့် ဒီအမြင်ကလေးရောက်ပြီး၊ ဒီအမြင် ဆုံးသွားလို့ရှိရင် ဒကာ,ဒကာမတို့ အပါယ်လေးပါး တံခါးပိတ်တယ်

ဆိုတာ ဝမ်းထဲမှာအောင်းနေတဲ့ အနုသယ ပြုတ်လို့သာ မှတ်ပေတော့ (မှန်ပါ့)။

ဘယ်လိုကြောင့် မှတ်ကြမယ်. . . (ဝမ်းထဲမှာကိန်းနေတဲ့ အနုသယပြုတ်လို့ပါဘုရား)၊ ကျုပ်တို့တော့ဖြင့် ဒိဋ္ဌိကင်းပါပြီလို့ ဆိုငြားသော်လည်း သဘောဖြစ်, သဘောပျက်ကလေးမှ ပျောက်အောင်မလိုက်နိုင်သေးလို့ ဒုက္ခသစ္စာအစစ်ကို မသိသေးလို့ရှိရင် အောင်းလျက်ပါပဲ. . . (မှန်ပါ့)။

ကြောင်လက်ထဲမှာ လက်သည်းဟာ အမြဲရှိသလိုပေါ့ဗျာ. . . (မှန်ပါ့)၊ သွားကြည့်တော့ မမြင်ရဘူး၊ ကြွက်ပြမှ ထွက်လာတယ်ဆိုသလို ခင်ဗျားတို့ သန္တာန်မှာရှိနေတဲ့ ဒိဋ္ဌိဟာ သဘောဖြစ်, သဘောပျက်ပဲ၊ ဒုက္ခသစ္စာလို့ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက် မချနိုင်သေးရင် အမြဲတမ်း ဒီ ဒိဋ္ဌိအကြောင်း မရှိသေးလို့မပေါ်တာသာမှတ်ပေတော့၊ ငုတ်ပြီးနေတယ်လို့သာ မှတ်ပေတော့. . . (မှန်ပါ့)။

ဘေလုံးရှိတဲ့ပုဂ္ဂိုလ်ဟာ အစားမှားစောင့်နေသလိုပဲ၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဘေရှိတဲ့ပုဂ္ဂိုလ်ဟာ. . . (အစားမှား စောင့်နေသလိုပါဘုရား)၊ အစားသာမှားပေးလိုက်၊ ဒီဘေလုံးကြွပြီး ဌက်ဖျားထ,တာပဲ. . . (မှန်ပါ့)၊ မထပေဘူးလား. . . (ထပါတယ်ဘုရား)။

ဒီမှာလည်း အစားမှားစောင့်နေတဲ့ အနုသယရှိတယ် . . (မှန်ပါ့)၊ သဘောဖြစ်, သဘောပျက်ကို ပျောက်အောင်ရှု နိုင်တဲ့ ဒကာ,ဒကာမတွေဖြင့် အခုနင်က အစားမှားစောင့် နေတဲ့ ဘေလုံးနဲ့တူတဲ့ အနုသယဟာ မောင်နိုင်,ရှိပဲ့မလား. . (မရှိပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## နိရောဓသစ္စာ၊ မဂ္ဂသစ္စာ

ဒါဖြင့် ရှေ့ကသဘောဖြစ်, သဘောပျက် ချုပ်သွား တာက နိရောဓသစ္စာ. . . (မှန်ပါ့)၊ သဘောဖြစ်, သဘော ပျက်ကလေးကိုဖြင့် ဒုက္ခအစစ်ပဲလို့ အမှန်အကန်ဆုံးဖြတ် ချက်ချနိုင်တာက ဘာပါလိမ့်. . . (မဂ္ဂသစ္စာပါဘုရား)။

## သမုဒယသေတယ်

ခုနင်က ကြောင်လက်သည်းထဲမှာ လက်သည်းပါ ပျောက်သွားတဲ့ဥစ္စာက သမုဒယသေတာ. . . (မှန်ပါ့ဘုရား)၊ ဒိဋ္ဌိနုသယသေတော့ ဝိစိကိစ္ဆာနုသယက ရောပြီးသေတယ်. (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ပထမနိဗ္ဗာန်ရတယ်

အဲဒီတော့ အပါယ်လေးပါး တံခါးပိတ်တာက ပထမနိဗ္ဗာန်ရတာ. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ ဘာနိဗ္ဗာန်ပါလိမ့် . . . (ပထမနိဗ္ဗာန်ပါဘုရား)၊ သဘောပါပလား. . . (ပါ, ပါပြီဘုရား)။

ကဲ. . . ယနေ့ ဒီတွင် တော်ကြဦးစို့. . . ။
သာဓု. . . သာဓု. . . သာဓု. . .